နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ် (၁၅၆)

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



**လက်ခံတွေ့ဆုံ**

ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mrs.Sudarat Keyuraphanနှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ စဉ်။

(သတင်းစဉ်)

# အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mrs.Sudarat Keyuraphanနှင့် အဖွဲ့အား ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန စာမျက်နှာ ၇ ကော်လံ ၅ *

**မြန်မာ့အလင်း**

**ခေါင်းကြီး**

**သတင်း**

**ဆောင်းပါး**

**အညွှန်း**

"ကျေးရွာများတွင် ပြီးပြည့်စုံသော စက်ရေတွင်းများ နေ့ချင်းညချင်း အစီအရီပေါ်ထွန်းလာစေသော အလှူဒါနလောက် စိတ်ချမ်းမြေ့စရာ ကောင်းသော အလှူ အဘယ်မှာရှိနိုင်ပါအံ့နည်း" မောင်ဘဖေ(ဥသာ)၏ သတင်းဆောင်းပါး (စာ-၂၀)



"၂၀၀၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်" ခေါင်းကြီး (စာ-၂)



"ပြင်သစ်သမ္မတ ဂျက်ရှီရက် သမ္မတဘုရှ်နှင့်ရင်မဆိုင်လို" သတင်း (စာ-၃)

"စက်တင်ဘာ ၂၁ ရက်အထိ နိုင်ငံအဝန်း၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၈၃၁၇တိုက် ဖွင့်လှစ်နိုင်ခဲ့ပြီ" သတင်း (စာ-၃)

"နိုင်ငံတကာမှ ထိပ်တန်းပညာရှင်များကပင် မိမိတို့မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေရဲ့ နိုင်လိုမင်းထက် ပျက်စီးရာပျက်စီးကြောင်း စီးပွားရေးပိတ်ဆို့နေမှုအပေါ် ဖြူစင်ဖြောင့်မှန်တဲ့အမြင်နဲ့ ဆန့်ကျင်ပြောဆိုရေးသား ဟောပြောနေပါလျက်နဲ့ မြန်မာအမျိုးသားချင်းဖြစ်တဲ့ အင်အားစုအချို့တို့က ပိတ်ပင်မှုကို အားပေးထောက်ခံနေခြင်းဟာ အမျိုးသားရေးအပေါ် လွန်စွာပင် သစ္စာမဲ့ရာရောက်ပါတယ်" အောင်မိုးစံ၏ ဆောင်းပါး (စာ-၁၀၊၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

# မြန်မာ့ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်နိုင်ငံ့ဝင်ငွေ တိုးတက်ရရှိအောင် ကြိုးပမ်းလုပ်ကိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ပေါများကြွယ်ဝသောနိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေမြေသယံဇာတမှ ထွက်ရှိသော မြန်မာ့ကျောက်စိမ်း၊ မြန်မာ့ပုလဲရတနာများသည် ကမ္ဘာတွင် လူကြိုက်များသော အဖိုးတန်ကျောက်မျက်ရတနာများ ဖြစ်ကြသည်။

နိုင်ငံတော်မှ ထွက်ရှိသော မြန်မာ့ကျောက်မျက်ရတနာများကို နယ်မြေဒေသအလိုက် လုပ်ကွက်များ သတ်မှတ်ဖော်ထုတ်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူ ပူးပေါင်း လုပ်ကိုင်လျက် ရှိကြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများသည် အဖိုးတန်ကျောက်မျက်ရတနာများဖြစ်ပြီး ၎င်းတို့အနက် ကမ္ဘာကျော် ကျောက်မျက်ရတနာများ ပါဝင်သည်။ ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းတွင်းမှ အလျားပေ ၇၀၊ အနံ ၁၆ ပေ၊ အမြင့် ပေ ၃၀ ရှိပြီး တန်ချိန် ၃၀၀၀ ခန့်ရှိသော မဟာကျောက်စိမ်း ရတနာကြီး ပေါ်ထွက်ခဲ့သည်။

မကြာသေးမီကပင် ကချင်ပြည်နယ် ဖားကန့်ရတနာမြေမှ အမတေကဲ့သို့ အလွန်ထူးခြားသည့် ကျောက်မျက်ရတနာနှစ်တုံးကို ကျောက်မျက်ရတနာလုပ်ငန်းရှင်တစ်ဦးက နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပေးအပ်ခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ခဲ့သည့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ကြားသိခဲ့ရသည်။

ထွက်ရှိလာသော ကျောက်မျက်ရတနာများကို ထုတ်လုပ်ရောင်းဝယ်ရာ၌ ယခင်က နိုင်ငံတော်ကသာ ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၀ပြည့်နှစ်မှစ၍ အကျိုးတူပူးပေါင်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာဈေးကွက် ပေါ်ထွန်းလာပြီး နိုင်ငံတော်နှင့် တိုင်းရင်းသား လုပ်ငန်းရှင်များ ထိုက်တန်သည့် အကျိုးအမြတ် ခံစားရရှိစေရန် ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက် နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပြဋ္ဌာန်းပေးခဲ့သည်။

နိုင်ငံတော်က တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်များကို ယုံကြည်စွာ အပ်နှင်းထားသည့် အလျောက် လုပ်ငန်းရှင်များကလည်း နိုင်ငံတော်နှင့် မိမိအကျိုးမျှတစွာ ခံစားခွင့်ရရှိအောင် ပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံတော်က ချမှတ်ပေးထားသော ကျောက်မျက်ရတနာ သတ်မှတ် လုပ်ကွက်များကို တိုင်းရင်းသားလုပ်ငန်းရှင်များက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့် အညီ တူးဖော်လုပ်ကိုင်ကြရမည် ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကိုလည်း နိုင်ငံတော်က နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ ယခုနှစ်အတွက် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၄ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာ ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများ၊ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက် ဝယ်ယူခွင့် ပြုမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ နိုင်ငံ့ဝင်ငွေ တိုးတက်ရရှိစေမည့် မြန်မာ့ကျောက်မျက်ရတနာဈေးကွက် ပီပြင်စွာ ဖြစ် ပေါ်လာစေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များသည် နိုင်ငံတော်က ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို တိကျစွာလိုက်နာပြီး ကျောက်မျက်ရတနာများ တိုးတက်ထွက်ရှိအောင် အားကြိုးမာန်တက် လုပ်ကိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ စုံညီအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၂

**၂၀၀၄ခုနှစ် စက်တင်ဘာလအတွင်းကျင်းပမည့် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အစည်းအဝေးသို့ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီရင်ခံစာကို ပြည့်စုံစွာပြုစုရေးသား တင်ပြနိုင်ရန် ကော်မတီဝင်များနှင့် ACMECS အစည်းအဝေးတက်ရောက်ခဲ့သူများ၏ စုံညီအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များနှင့် ACMECS အစည်းအဝေး တက်ရောက်ခဲ့သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**ဆွေးနွေးတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီး ဦးဖေသန်းက ဆွေးနွေးတင်ပြပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် က ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီသို့တင်ပြမည့် (Plan of Action Implemen tation Status and FutureAction)နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန အထူး အရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့် တက်ရောက်လာကြသော ကော်မတီဝင်များက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ပတ္တရာမြို့၌ ကျင်းပခဲ့သော ပုဂံထိပ်သီးအစည်းအဝေးမှ ချမှတ်ခဲ့သည့် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)၏ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍကြီး(၅)ရပ်အတွက် မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များရေးဆွဲရန်နှင့် ယင်းတို့ကို ထိရောက်စွာ အကောင် အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် အတွက်(ACMECS Workshop on Enhancing the Competitiveness of the Planning in Cambodia, Laos, Myanmar, Thailand and Vietnam) အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ဖြစ်ကြသော လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မျိုးနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအုန်းဟန်တို့က ဆွေးနွေးတင်ပြကြ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၃၀ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၈ လမ်း တောင်ကြို့ကုန်းအရှေ့ အမှတ် ၃၁၉ နေ ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးကျော်သိန်း(ကထိက-ငြိမ်း) ဝိုင်အိုင်တီအား ရည်စူး၍ ဇနီးဒေါ်မိမိ စိန်နှင့် သားသမီး မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



## မြဝတီရုပ်မြင်သံကြား

၂၃-၉-၂၀၀၄ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Study of Mediate Inference 2 (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း)
- ၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"** (အပိုင်း-၁၄)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်စား"** (အပိုင်း-၉)

# ဘုရှ်၏ အီရတ်စစ်ပွဲမူဝါဒ ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဝေဖန်ပြစ်တင်ခံနေရ

# ပြင်သစ်သမ္မတ ဂျက်ရှီရက် သမ္မတဘုရှ်နှင့်ရင်မဆိုင်လို

ကုလသမဂ္ဂ စက်တင်ဘာ ၂၁

ကုလသမဂ္ဂတွင် အမေရိကန်သမ္မတ ဘုရှ်မိန့်ခွန်းမပြောကြားမီ အကြိုရက်၌ ဆွေးနွေးပွဲဆိုင်ရာ အစီအစဉ်များနှင့် မသက်ဆိုင်ဘဲ ဘုရှ်၏အီရတ်စစ်ပွဲမူဝါဒကိုသာ နိုင်ငံအများအပြားက အဓိကထားပြီး ဝိုင်းဝန်းဝေဖန်ဆွေးနွေးလျက်ရှိသည်။ အမေရိကန်ဦးဆောင်ဆင်နွှဲခဲ့သည့် အီရတ်ကျူးကျော်စစ်ကို ပြင်သစ်သမ္မတ ဂျက်ရှီရက်အပါအဝင် ဆန့်ကျင်ကြသည့် နိုင်ငံအများစုမှ ခေါင်းဆောင်များသည် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသည်။ ယင်းညီလာခံတွင် တစ်ကမ္ဘာလုံးလွှမ်းခြုံဆက်စပ်လှုပ်ရှားမှုဖြစ်စဉ်၏ အားနည်းချက်ဖြစ်နေသည့် ဆင်းရဲနွမ်းပါးမှုကို မည်သို့မည်ပုံ တိုက်ဖျက်ကြမည်ဆိုသောအချက်ကို အလေးထားဆွေးနွေးခဲ့ကြသည်။

**ကမ္ဘာပေါ်၌ နိုင်ထက်စီးနင်းလုပ်ရပ်များ ပပျောက်ရေးသည် အဆိုပါညီလာခံ၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ သမ္မတဘုရှ်တင်ပြမည့် အစီအစဉ်များဖြစ်သည့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ဖျက်အားပြင်းလက်နက်များ မပြန့်ပွားရေးကိစ္စများမှာ သာမညကိစ္စများဖြစ်နေသည်။**

ဆွေးနွေး

ကမ္ဘာကြီးအတွက် ဖျက်အားအပြင်းဆုံး လက်နက်သည် ဆင်းရဲနွမ်းပါးမှုကိုသာဖြစ်စေကြောင်း၊ အကြမ်းမ်ပေါင်းမည့်မျှ ပြောနေရဦးမည်နည်းဟု ဘရာဇီးသမ္မတ လူဝစ်အင်နာစီယို လူလာဒါ ဆေးလ်ဗားက ညီလာခံသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များအား မေးခွန်းထုတ်လိုက်သည်။ ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းအမြစ်သစ်များ ထပ်မံဖော်ထုတ်နိုင်ရေးအတွက် လက်နက်ရောင်းဝယ်မှု သို့မဟုတ် ငွေကြေးလွှဲပြောင်းမှုအပေါ် အခွန်အတုတ်များ **ကောက်ခံရန် အဆိုပြုချက်များနှင့်ပတ်သက်၍ ပြင်သစ်၊ ဘရာဇီး၊ ချီလီနှင့် စပိန်နိုင်ငံတို့မှ ခေါင်းဆောင်များနှင့် အမေရိကန် စိုက်ပျိုးရေးဝန်ကြီး အင်နီမီနီမင်တို့ အကြိတ်အနယ် အချေအတင်ဆွေးနွေးခဲ့ကြသည်။**

**အမေရိကန်အနေဖြင့် မည်မျှပင် အင်အားကြီးမားစေကာမူ နိုင်ငံပေါင်း ၁၀၀ သို့မဟုတ် ၁၅၀ခန့်က ထောက်ခံသည့် ဤသဘောထားကို ဆန့်ကျင် နိုင်ဖွယ်မရှိကြောင်း၊ အမေရိကန်တို့ အောင်မြင်မှုမရနိုင်ကြောင်း၊ နိုင်ငံ**အများစု၏ လိုလားချက်ကို ဆန့်ကျင်နိုင်ဖွယ်မရှိကြောင်း၊ တစ်ကမ္ဘာလုံးလွှမ်းခြုံဆက်စပ်လှုပ်ရှားမှုတွင် နိုင်ငံအနည်းစု၏ လက်ဝါးကြီးအုပ် ခြယ်လှယ်အမြတ်ထုတ်မှုလုပ်ရပ်များ အနာဂတ်တွင်ရှိနိုင်တော့မည်မဟုတ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က သတင်းစာရှင်းလင်းပွဲတွင် ဖြေကြားလိုက်သည်။

ထပ်မံဖြည့်ဆည်း

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဂျွန်ကယ်ရီအနိုင်ရခဲ့လျှင် ဘုရှ်ကို ကူညီခြင်းထက် ဂျွန်ကယ်ရီကိုပို၍ ကူညီရန်ဆန္ဒရှိ မရှိမေးမြန်းရာတွင် အီရတ်ဆိုင်ရာ ပြင်သစ်၏မူဝါဒမှာ မပြောင်းလဲကြောင်း၊ ပြောင်းလဲမည်လည်း မဟုတ်ကြောင်း ဂျက်ရှီရက်က ပြောကြားသွားသည်။ ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားတို့သည် ဖွံ့ဖြိုးရေးအကူအညီအတွက် ရန်ပုံငွေများ ထပ်မံဖြည့်ဆည်းပေးရန် အဆိုပြုစရာများ မြောက်မြားစွာ ရှိသော်လည်း အသေးစိတ်မပြောသေးဘဲ ရှိနေသည်။ မိမိတို့၏ ရည်ရွယ်ချက်မှာ ဆွေးနွေးပွဲစတင်ရန်နှင့် လုပ်ငန်းကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

ဂျက်ရှီရက်သည် အမေရိကန်သမ္မတ ဘုရှ်နှင့် မျက်နှာချင်းမဆိုင်လိုသဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် သမ္မတဘုရှ်မိန့်ခွန်းမပြောမီ နယူးယောက်မြို့မှ ပြန်ရန်စီစဉ်ထားသည်။ ဂျက်ရှီရက်သည်အထိန်းအကွပ်မဲ့နေသော **အရင်းရှင်စနစ်၏ ဆိုးကျိုးများကို ရှုတ်ချရန် အဆိုပါညီလာခံသို့ တက်ရောက်လာခြင်းဖြစ်သည်။**

**အမ်အင်အေ၊ ရိုက်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၉-၂၀၀၄

**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုး တော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၂၀ ၇။ ဂုံညင်းတန်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၂၅ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (အဆင့်မြင့်အဆင့်) (အမျိုးသမီး)
- ၁၇:၃၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၄၅ ၉။ **"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ကုသိုလ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
- ၁၇:၅၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၀၅ ၁၁။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၁၅ ၁၂။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း–၁၃)
- ၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၇။ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆွေးနွေးခန်း(ရုပ်သေးပြိုင်ပွဲ)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **'မိုးပွင့်တစ်ပုဒ်သက်တံတစ်နွယ်' (အပိုင်း–၁)** လူမင်း၊ ထွန်းအိန္ဒြာဗို၊ ပွင့်နဒီမောင် (ဒါရိုက်တာ–နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

## ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

**ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကံစု (လိပ်ကျွန်း)ကျေးရွာ မူလတန်းလွန်ကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့်၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးဟံညွန့်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း နာယက ဒေါ်ယဉ်မူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**(သတင်းစဉ်)**



## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်

**ရန်ကုန် စက်တင်ဘာ ၂၂**

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယနေ့နံနက် ၆နာရီခွဲအချိန်၌ စိုးရိမ်ရေမှတ်အထက်တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်)ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်ထပ် ၁၅စင်တီမီတာ(ပေဝက်ခန့်)တက်လာနိုင်သော်လည်း နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## ဒေးဒရဲမြို့နယ် ကံစု(လိပ်ကျွန်း)ကျေးရွာ မူလတန်းလွန်ကျောင်းသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကံစု(လိပ်ကျွန်း)ကျေးရွာမူလတန်းလွန် ကျောင်းသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက်က အဆိုပါကျောင်း၌ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများတက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးဟံညွန့်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ယဉ်မူတို့က မူလတန်းလွန်ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက လူတိုင်းစာတတ်မြောက်ရေးအတွက် နိုင်ငံတော်က ထားရှိသည့် စေတနာကိုရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မူလတန်းလွန်ကျောင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူကကျောင်းအုပ်ကြီးသို့ ပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

### အထူးပင်ဂုဏ်ယူ

ဒေးဒရဲမြို့နယ်၌ မူလတန်းလွန်ကျောင်း ၁၉၂ ကျောင်းရှိသည့်အနက် ယခုဖွင့်လှစ်သော ကံစု(လိပ်ကျွန်း)ကျေးရွာ မူလတန်းလွန်ကျောင်း အပါအဝင် မူလတန်းလွန်ကျောင်း ၂၀ရှိကြောင်းနှင့် အလယ်တန်းပညာသင်ယူရေး အခက်အခဲရှိသည့် ကံစုဒေသ၌ မူလတန်းလွန်ကျောင်း ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံများက အထူးပင်ဝမ်းသာဂုဏ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၃၁၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

# အီရတ်ရောက် အမေရိကန်နှင့် ကာ့ဒ်ပါတီများပူးပေါင်းမှု အီရတ်ခုခံရေးသမားများက ပြစ်တင်ရှုတ်ချ

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

**အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်ကာ့ဒ်ပြည်သူ့စစ်အဖွဲ့ဝင်များဟုဆိုသူများကို သတ်ဖြတ်လိုက်ကြပြီး ၎င်းတို့အား သတ်ဖြတ်ပုံကို ရိုက်ကူးထားသည့် ဗီဒီယိုတိပ်ခွေအား တနင်္ဂနွေနေ့၌ ဝက်ဘ်ဆိုက်ပေါ် တင်ပေးခဲ့သည်။**



**ပစ်ခတ်**

**ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားများကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ထို့ပြင် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်တွင်ရှိသော အမေရိကန်တို့နှင့် ကာ့ဒ်နိုင်ငံရေးပါတီများ ပူးပေါင်းခဲ့ခြင်းကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။

### ခြိမ်းခြောက်

အခြားသီးခြားဖြစ်ပွားမှုတစ်ခုတွင် အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင် ၂၅ဦးကို ပြန်ပေးဆွဲထားကြောင်း အုပ်စုတစ်စုက ပြောကြားခဲ့ပြီး အယ်လ်ဂျာဇီရာက ထုတ်လွှင့်သည့် သတင်းတွင် ဖမ်းဆီးထားသော အီရတ်ခေါင်းဆောင်အား ၄၈နာရီအတွင်း လွှတ်မပေးလျှင် တပ်ဖွဲ့ဝင်များကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားကြောင်း ပြောကြားသည်။

### ဖမ်းဆီး

ထိုအတောအတွင်း ကာ့ဒ်ဒေသရှိ ဆူလီမာနီယာမြို့၏ လုံခြုံရေးအကြီးအကဲ ဆာကော့ဟက်ဆန်က မိုဆူးလ်မြို့ပြင်လမ်းပေါ်တွင် လူသေအလောင်းသုံးလောင်းကို တွေ့ရကြောင်း ပြောကြားခဲ့သည်။ အီရတ်အမျိုးသား လုံခြုံရေးတပ်ဖွဲ့ဝင် ၂၅ဦးကို မိုဟာမက်ဘင်အဗ္ဗဒူလာ၏ ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း အယ်လ်ဂျာဇီရာက သတင်းထုတ်လွှင့်ခဲ့သည်။

### ချိန်ရွယ်ထား

အယ်လ်ဂျာဇီရာက အကျဉ်းချုံးပြီး ထုတ်လွှင့်ပြသသော ဗီဒီယိုတိပ်ခွေ၌ စစ်ဝတ်စုံဝတ်ထားသူများက ကြမ်းပေါ်၌ ထိုင်လျက်ရှိပြီး ၎င်းတို့နောက်မှ ခုခံတိုက်ခိုက်ရေးသမားများက ၎င်းတို့၏ ခေါင်းများကို သေနတ်များဖြင့် ချိန်ရွယ်ထားကြသည်ကို တွေ့ရသည်။ **(အင်တာနက်)**

# ပြင်သစ် သတင်းစာဆရာနှစ်ဦး ပြန်လည် လွတ်မြောက်လာ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၀**

ပြင်သစ်ဓားစာခံနှစ်ဦးဖြစ်သော ခရစ္စတင်းချက်စ်နော့နှင့် ဂျော့ချ်မာလ်ဘီနော့တို့သည် အီရတ်တွင် ဓားစာခံအဖြစ် အဖမ်းခံထားရသည်မှာ ၃၁ရက် ကြာမြင့်သွားပြီဖြစ်ပြီး ယမန်နေ့ နေ့လယ်တွင် ဝက်ဘ်ဆိုက်မှ ရရှိသော ဖော်ပြချက်၌ ပြင်သစ်သတင်းစာဆရာနှစ်ဦးတို့သည် လွတ်မြောက်နေပြီဖြစ်ကြောင်း၊ သို့သော် ၎င်းတို့သည် အစ္စလာမ်တပ်ဖွဲ့အတွက် အလုပ်လုပ်နေရကြောင်း ပါရှိသည်။

### ကောင်းမွန်

၎င်းဖော်ပြချက်သည် မှန်မမှန် ယခုထိ မသိရသေးကြောင်း သိရှိရသည်။ ဓားစာခံများ၏ ကျန်းမာရေးသည် ကောင်းမွန်လျက်ရှိပြီး အသက်အန္တရာယ်မှာလည်း စိုးရိမ်စရာမရှိကြောင်း သိရသည်။

### တွေ့ဆုံ

ပြင်သစ်သံအမတ်သည် အထင်ကရ ဘာသာရေးခေါင်းဆောင်များနှင့် ဘဂ္ဂဒက်တွင် တွေ့ဆုံခဲ့ပြီး ယနေ့တွင် အီရတ်ခေါင်းဆောင်နှင့် တွေ့ဆုံခဲ့သည်။

ပြင်သစ်တို့သည် ယခုအချိန်အထိ စိတ်ရှည်စွာနှင့် အကောင်းဘက်ကို မျှော်လင့်လျက်ရှိနေသေးကြောင်း ပြောကြားခဲ့သည်။ပြင်သစ်ဝန်ကြီးချုပ်က ယခုဖော်ပြချက်သည် ယခင်ကထက်ပို၍ လေးနက်ကြောင်း ပြောကြားခဲ့သည်။

**(စီအက်ဖ်အိုင်)**

# အီရတ်အကျဉ်းသားနှိပ်စက်မှုကိုသိရှိထားသော ဗြိတိသျှ စစ်ဘက်အရာရှိတစ်ဦး သတင်းမပို့ဘဲ ထိမ်ချန်ထားခဲ့ဟုဆို

လန်ဒန် စက်တင်ဘာ ၁၉

**အဘူဂါရိပ်၌ အီရတ်အကျဉ်းသားများ နှိပ်စက်ခံနေရကြောင်းကို ယခုနှစ် ဇန်နဝါရီလ၌ ဗြိတိသျှအဆင့်မြင့်စစ်ဘက်အရာရှိတစ်ဦးက သိရှိထားခဲ့သော်လည်း ၎င်း၏အထက်အရာရှိများကို သတင်းမပို့ဘဲ ထိမ်ချန်ထားခဲ့ကြောင်း အင်ဒီပင်းဒင့်သတင်းစာက စနေနေ့၌ ရေးသားလိုက်သည်။**

ထိုအဘူဂါရိပ်အကျဉ်းစခန်း၌ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုများကို တိုနီဘလဲနှင့် ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းတို့မသိမီ လေးလခန့်၌ လျှို့ဝှက်စုံစမ်းမှုတစ်ခု သို့မဟုတ် တစ်ခုမကရှိကြောင်း အဆင့်အမြင့်ဆုံး ဗြိတိသျှစစ်ဘက်ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးကြီး ခရိုက်စ်တာရင်တန် သိရှိခဲ့သည်ဟု ဆိုသည်။

အဘူဂါရိပ် အကျဉ်းစခန်းရှိ အမေရိကန် အစောင့်တပ်ဖွဲ့ဝင်များက လိင်ပိုင်းဆိုင်ရာအရလည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာအရလည်းကောင်း မတရားနှိပ်စက်ညှဉ်းပန်းသည့် မဖွယ်မရာ ဓာတ်ပုံများ ပေါ်ထွက်လာပြီးနောက် ဧပြီလကုန်ပိုင်း၌ အရှုပ်တော်ပုံ ပေါ်ပေါက်ခဲ့သည်။

### အဆိုးရွားဆုံး

ယင်းသည် အမေရိကန်နှင့် ဗြိတိသျှအစိုးရတို့အဖို့ အီရတ်စစ်ပွဲသည် အဆိုးရွားဆုံးအကျပ်အတည်းတစ်ခု ဖြစ်စေခဲ့သည်။

### ဝန်ခံ

ယခုအခါ အီရတ်ရှိ အဘူဂါရိပ်အကျဉ်းထောင်၌ အကျဉ်းသား ညှဉ်းပန်းနှိပ်စက်မှုကို တရားဝင် စုံစမ်းချက်တစ်ခုထက်မကရှိကြောင်း အမေရိကန်တပ်မှူးများက ဗိုလ်မှူးကြီး တာရင်တန်ကို အသိပေးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဝန်ခံလာပြီဖြစ်သည်။

**(အင်တာနက်)**

# ကန်တပ်ဖွဲ့ဝင်များ၊ အီရတ်တပ်ဖွဲ့ နှင့် ရဲတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံနေရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၀

**အမေရိကန်တပ်ဖွဲ့ဝင်များ၊ အီရတ်တပ်ဖွဲ့ဝင်များနှင့် ရဲအဖွဲ့ကို နိုင်ငံအနှံ့တွင် အကြမ်းဖက်ခုခံတိုက်ခိုက်နေကြလင့်ကစား ဇန်နဝါရီလ၌ ကျင်းပရန်စီစဉ်ထားသော ရွေးကောက်ပွဲကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် အီယက်ဒ်အလာဝီက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။**

ဗြိတိန်သို့ ရောက်ရှိနေသော မစ္စတာအလာဝီသည် လန်ဒန်၌ ဝန်ကြီးချုပ် တိုနီဘလဲနှင့် ဆွေးနွေးစဉ် ထိုသို့ပြောကြားခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပတ်၌ အီရတ်နိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုများ၊ ပစ်ခတ်မှုများနှင့် ပြန်ပေးဆွဲမှုများ ပိုမိုဖြစ်ပွားလာခဲ့ရာ ရွေးကောက်ပွဲကို အစီအစဉ်အတိုင်း ဆက်လုပ်နိုင်မည်၊ မလုပ်နိုင်မည်ဆိုသည်ကို သံသယဖြစ်ခဲ့သည်။

မကြာသေးခင်က အနောက်နိုင်ငံသားအချို့ကို ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ရာ ဓားစာခံအရေးအခင်းကို ပိုဆိုးသွားစေခဲ့သည်။ အီရတ်နိုင်ငံ၌ရှိနေကြသော ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြသည့် နိုင်ငံခြားကုမ္ပဏီများ အီရတ်နိုင်ငံထဲမှ ထွက်သွားစေရန်အတွက် ခုခံတိုက်ခိုက်ရေးသမားများက ဓားစာခံအဖြစ် ပြန်ပေးဆွဲမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

# ကန်ဓားစာခံ ဂျက်အမ်းစထရောင်းအား ပြန်ပေးသမားတို့ သတ်ပစ်လိုက်ပြီ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၁**

အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားအုပ်စုသည် အမေရိကန်ဓားစာခံတစ်ဦးဖြစ်သော ယူဂျင်းဂျက်အမ်းစထရောင်းအား သတ်ပစ်လိုက်သည့် ဗီဒီယိုတိပ်ခွေကို ဝက်ဆိုက်မှနေ၍ တနင်္လာနေ့က ပေးပို့လိုက်ရာ ငါးလကြာပြီဖြစ်သော နိုင်ငံခြားသားဓားစာခံအရေးအခင်းတွင် နောက်ဆုံးသတ်ဖြတ်မှုဖြစ်ခဲ့သည်။

အမ်းစထရောင်းသည် ဗြိတိသျှလူမျိုး ကင်းနက်ဘစ်ဂလီအပြင် အမေရိကန်နိုင်ငံသား ဂျက်ဟင်းစလီတို့နှင့်အတူ ဘဂ္ဂဒက်ရှိ နေအိမ်မှနေ၍ ကြာသပတေးနေ့က ပြန်ပေးဆွဲအဖမ်းခံခဲ့ရခြင်းဖြစ်သည်။ တာဝှစ်နှင့် ဂျီဟက်တိုက်ခိုက်ရေးအုပ်စုက အဘူဂါရိပ်နှင့် အွမ်ကာဆာအကျဉ်းစခန်းများတွင်ရှိသော အီရတ်အမျိုးသမီး အကျဉ်းသားများကို တနင်္လာနေ့၌ လွှတ်မပေးလျှင် အမေရိကန်ဓားစာခံ ယူဂျင်းဂျက်အမ်းစထရောင်း၊ ဂျက်ဟင်းစလီနှင့် ဗြိတိန်နိုင်ငံသား ကင်းနက်ဘစ်ဂလီတို့အား သတ်ဖြတ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားခဲ့သည်။ **(အင်တာနက်)**



**တိုက်ခိုက်**

**ဘာဆာရာမြို့တွင် အီရတ်ပြောက်ကျားတို့အား တိုက်ခိုက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# မူးယစ်ဆေးဝါးပြန့်ပွားမှု တိုက်ဖျက်ရေး မဟာဗျူဟာ အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့် အရာရှိများ ဆွေးနွေး

မနီလာ စက်တင်ဘာ ၂၀

**မူးယစ်ဆေးဝါးများ ပြန့်ပွားမှုတိုက်ဖျက်ရေးဒေသဆိုင်ရာ မဟာဗျူဟာနှင့်စပ်လျဉ်း၍ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့် အရာရှိများသည် မနီလာမြို့၌ တနင်္လာနေ့က စတင်ဆွေးနွေးခဲ့ကြသည်။**

(၂၅)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိများ(အေအက်စ်အိုဒီ)ညီလာခံ အပြင် အာဆီယံနှင့်တရုတ်နိုင်ငံတို့၏အန္တရာယ်ရှိသော မူးယစ်ဆေးဝါး တုံ့ပြန်ရေး လုပ်ငန်း အစည်းအဝေးသို့ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊စင်ကာပူ၊ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊အန္တရာယ်ရှိသော မူးယစ်ဆေးဝါးဘုတ်အဖွဲ့(ဒီဒီဘီ)အမှုဆောင် ညွှန်ကြားရေးမှူး ဂျို့စ်ကာလီဒါက ပြောကြားသည်။

ပထမအကြိမ် အေအက်စ်အိုဒီ အစည်းအဝေးကို၁၉၇၆ ခုနှစ်၌ ကျင်းပခဲ့ပြီး တရားမဝင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အကြောင်းအရာ လေးခုတွင် ထောက်ခံချက်ပေးသော အာဆီယံ၏ အဖွဲ့အစည်း ဖြစ်လာခဲ့သည်။ ဥပဒေ ခိုင်မာစေခြင်းနှင့် ပြဋ္ဌာန်းခြင်း၊ ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ တားဆီးကာကွယ်ရေးနှင့်သတင်းပြန်ကြားခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် သုတေသနပြုခြင်းတို့တွင် ယင်းအဖွဲ့အစည်းက ထောက်ခံချက်ပေးမည် ဖြစ်သည်။ **(အင်တာနက်)**

# ကမ္ဘာတွင် ပရိဘောဂတင်ပို့မှု အများဆုံးနိုင်ငံ တရုတ်ဖြစ်လာ ၂၀၀၃ ခုနှစ်၌ ပရိဘောဂပစ္စည်း ၁ ဒသမ ၃ ဘီလီယံ တင်ပို့နိုင်ခဲ့

ကျင်နန်း စက်တင်ဘာ ၂၀

**တရုတ်နိုင်ငံသည် ၂၀၀၃ ခုနှစ်က ပရိဘောဂပစ္စည်းပေါင်း ၁ ဒသမ ၃ ဘီလီယံတင်ပို့ခဲ့ကြောင်း ကမ္ဘာ့ပရိဘောဂပစ္စည်းအများဆုံး တင်ပို့နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ သစ်တောအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

တရုတ်နိုင်ငံ သစ်တောလုပ်ငန်း၏ အထွေထွေနေရာဒေသသည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ဟေဇီမြို့၌ ကျင်းပခဲ့သည့် သစ်တောထွက်ပစ္စည်းပြပွဲဖြစ်ကြောင်း အုပ်ချုပ်ရေး ဒုတိယညွှန်ကြားရေးမှူး လီဂျာဖူးက ပြောကြားသည်။

တရုတ်နိုင်ငံသည် သစ်တောလုပ်ငန်းစတင်ဖွင့်လှစ်ပြီးကတည်းက လျင်မြန်စွာတိုးတက်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ၎င်းထုတ်ကုန်မှ ယွမ် ၅၈၆ ဘီလီယံဖိုးရှိကြောင်း လီက ပြောကြားသည်။

တရုတ်နိုင်ငံသည် ပရိဘောဂအများဆုံး တင်ပို့နိုင်ဆုံးနိုင်ငံဖြစ်ကြောင်း၊ တစ်နှစ်လျှင် တန်ချိန် ၄၄၀၀၀၀ တင်ပို့နေရကြောင်း၊ နှစ်စဉ်ထုတ်ကုန်မှာ ၄၅ ဒသမ ၅၃ သန်း ကုဗမီတာရှိကြောင်း လီက ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံ ကွမ်ကျိုး၌ စက်တင်ဘာ ၂၁ ရက်က တရုတ်လယ်သမားများအား လယ်ယာသုံးယာဉ်တစ်စီး မည်သို့အသုံးပြုရမည်ကို အရောင်းဝန်ထမ်း တစ်ဦးက ရှင်းပြနေစဉ်။**(တရုတ်သမ္မတ ဟူကျင်တောင်နှင့် ဝန်ကြီးချုပ် ဝမ်ကျားပေါင်တို့သည် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစေရန်နှင့် လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်စေရန် အစိုးရတာဝန်ရှိသူများအား တိုက်တွန်းထားကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဇာတ်လမ်းတို ရုပ်ရှင်ပြိုင်ပွဲ စင်ကာပူတွင် ကျင်းပ

**စင်ကာပူ စက်တင်ဘာ ၂၁**

ပြည်သူများ ကြည့်ရှုနိုင်ရန်အတွက် ဒီဂျစ်တယ်ဗီဒီယိုရုပ်ရှင်ကားများ ဖန်တီးရန် ရည်ရွယ်ချက်ဖြင့်စင်ကာပူနိုင်ငံတွင် ဇာတ်လမ်းတို ရုပ်ရှင်ပြိုင်ပွဲကို ကျင်းပလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနမှ တနင်္လာနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

သုံးလကြာကျင်းပမည့် ဗီဒီယိုပွဲတော်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြိုင်ပွဲကျင်းပစဉ်အတွင်း လမ်းဘေးရုပ်ရှင်ပြသပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

### လှုံ့ဆော်

၎င်းပြိုင်ပွဲတွင် ပြည်သူအများအပြား ပါဝင်ယှဉ်ပြိုင်ကြရန် အတွက်လည်း အားပေးလှုံ့ဆော်ထားသည်။ ပြိုင်ပွဲကျင်းပရေးအဖွဲ့က ပါဝင်ယှဉ်ပြိုင်လိုသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အတွက် ဒီဂျစ်တယ်ဗီဒီယို ကင်မရာများကို အခမဲ့ငှားရမ်းပေးမည် ဖြစ်သည်။

ဆုကြေးငွေကို စင်ကာပူဒေါ်လာ ၁၅၀၀၀ အထိ ချီးမြှင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံမှ ပြည်ပသို့ တင်ပို့ရောင်းချမည့် ဒစ်ဂျစ်တယ်ကင်မရာများကို အလုပ်သမားတစ်ဦးက ကုန်သေတ္တာအတွင်း ထည့်သွင်းနေစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရန် ထိုင်းဝန်ကြီးချုပ် ပြည်ပကုမ္ပဏီများ အားဖိတ်ခေါ်

**ဗန်ကောက် စက်တင်ဘာ ၂၁**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်အတွက် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလာရောက်လုပ်ကိုင်ကြရန် ပြည်ပရင်းနှီးမြှုပ်နှံသူများအား ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က တနင်္လာနေ့တွင် ဆော်ဩလိုက်သည်။

အထက်ပါစကားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် "၂၀၀၄ ခုနှစ် ထိုင်းနိုင်ငံမြင်ကွင်း" ဖွင့်ပွဲအခမ်းအနား၌ ဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထိုင်းနိုင်ငံရှိ စီးပွားရေးဆိုင်ရာ ဥပဒေစည်းမျဉ်း စည်းကမ်းများက စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အကာအကွယ်ပေးထားကြောင်း၊ ပြည်ပစီးပွားရေး အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအတွက်လည်း အပြန်အလှန်အကျိုးစီးပွားဖြစ်အောင် ဆောင်ရွက်ပေးထားကြောင်း ဝန်ကြီးချုပ် သက်ဆင်က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်က ငွေကြေးဈေးကွက်တွင် တိုးတက်မှုအညွှန်းကိန်း ၁၁၇ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း၊ ထို့ပြင် ကုန်စည်ဖလှယ်မှုနှင့် ကူးသန်းရောင်းဝယ်မှု၌လည်း ပမာဏ ၁၄၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ရာ ကမ္ဘာတွင် အမြင့်ဆုံး အနေအထား ရှိခဲ့သည်။

ထိုင်းနိုင်ငံသည် ၂၀၀၄ ခုနှစ် ကုန်ဆုံးသည်အထိ ကျန်းမာရေးဆိုင်ရာနှင့် အခြားကဏ္ဍများ၌ ငွေကြေးဆိုင်ရာ အကျိုးအမြတ်များ ဆက်လက်ရရှိနေမည်ဟု စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်းလည်း သက်ဆင်က ဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ၂၀၀၄ခုနှစ် ပထမနှစ်ဝက်တွင် ကုမ္ပဏီများ၏ စာရင်းများအရ စီးပွားရေးတိုးတက်မှုမှာ နှစ်ချင်းအလိုက်တွင် ၂၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အာဆီယံ-ရှစ်နိုင်ငံဖြတ်မည့်ကားမောင်းပြိုင်ပွဲကျင်းပမည်

နယူးဒေလီ စက်တင်ဘာ ၂၀

**အိန္ဒိယနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင် ရှစ်နိုင်ငံကိုဖြတ်သွားမည့် ကားမောင်းပြိုင်ပွဲကို လက်ခံကျင်းပခြင်းဖြင့် အာဆီယံနှင့် ငြိမ်းချမ်းရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ပေါင်းကူးတံတား တစ်ခုကို တည်ဆောက်သွားမည်ဖြစ်သည်။ ကားမောင်းပြိုင်ပွဲကို ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက တာလွှတ်ပေးမည်ဖြစ်သည်။**

### စတင်တာလွှတ်

ယင်းကားမောင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်၌ အိန္ဒိယနိုင်ငံ ဂူဝါဟတီမြို့မှ စတင်တာလွှတ်မည်ဖြစ်ပြီး ယှဉ်ပြိုင်သော ကားများသည် မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့အား ဖြတ်သန်းမောင်းနှင်မည်ဖြစ်သည်။ ပြိုင်ပွဲခရီးအရှည်မှာ ကီလိုမီတာ ၈၀၀၀ခန့် ရှိပြီး ရက် ၂၀ ကြာမြင့်မည်ဖြစ်သည်။

အရှေ့မြောက်နှင့် အာဆီယံဆက်စပ်မှု တိုးတက်ခြင်းသည် နီးကပ်သော ဈေးကွက်တစ်ရပ်ဖော်ဆောင်ရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း အိန္ဒိယစက်မှုလုပ်ငန်းပေါင်းချုပ်ဥက္ကဋ္ဌ ဆူနီလ်ကန့်မန်ဂျာလ်က ပြောကြားသည်။

**(အင်တာနက်)**

# အန္တာတိတ် တောင်ဝင်ရိုးစွန်းဒေသ စူးစမ်းလေ့လာရန်စက်ရုပ် ထိုင်းနိုင်ငံတီထွင်

**ဗန်ကောက် စက်တင်ဘာ ၂၁**

အမျိုးသားသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (အင်န်အက်စ်တီဒီအေ)မှ သိပ္ပံပညာရှင်များသည် အန္တာတိတ်တောင်ဝင်ရိုးစွန်းဒေသတွင် လေ့လာစမ်းသပ်မှုများ ပြုလုပ်ရန်အတွက် ရေအောက်မီတာ ၅၀ အနက်ထိ ဆင်းသက်နိုင်သော ရေအောက်စူးစမ်းလေ့လာရေး စက်ရုပ်ကို တီထွင်ခဲ့ကြောင်း ထိုင်းနိုင်ငံသတင်းဌာနမှ တနင်္လာနေ့က သတင်းထုတ်ပြန်ခဲ့သည်။

တောင်ဝင်ရိုးစွန်းဒေသ စူးစမ်းလေ့လာမှုကို ထိုင်းနိုင်ငံမှပထမဦးဆုံး လေ့လာခဲ့သော နိုင်ငံဖြစ်လာစေရန် ရေကြောင်းဆိုင်ရာ သိပ္ပံပညာရှင် ဒေါက်တာဂူရာနွက်က စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၎င်းစက်ရုပ်သည် ကမ္ဘာပေါ်တွင် အန္တာတိတ်တောင်ဝင်ရိုးစွန်းဒေသ ရေအောက်စူးစမ်းလေ့လာသော ပထမဦးဆုံး စက်ရုပ်ဖြစ်လာမည်ဖြစ်သည်။

ယင်းစူးစမ်းလေ့လာရေးစက်ရုပ်သည် အလေးချိန် ၅၀ ကီလိုဂရမ်မျှရှိပြီး အနက် ၅၀ မီတာအထိ ဆင်းသက်နိုင်သည်။ ၎င်းတွင် ဆားဓာတ်အရှိန်နှင့် အပူချိန်တို့ကို မှတ်တမ်းတင်နိုင်သော ပစ္စည်းကိရိယာများ တပ်ဆင်ထားသည်။

### ထိန်းချုပ်

အဝေးထိန်း စက်ခလုတ်များဖြင့် ထိန်းချုပ်ထားပြီး စက်ရုပ်၏ကင်မရာမှ တစ်ဆင့် ရေအောက်သတ္တဝါများ၏ အလေ့အထများကို ရိုက်ကူးမှတ်တမ်းတင်မည်ဖြစ်သည်။ ဘက်ထရီဖြင့် လှုပ်ရှားစေပြီး ၎င်းဘက်ထရီကို နေစွမ်းအင်ဖြင့် ပြန်လည်အားဖြည့်နိုင်သည်။ စက်ရုပ်တီထွင်ရာတွင် ထိုင်း ဘတ်ငွေနှစ်သန်း ကုန်ကျခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## စက်တင်ဘာ ၂၁ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၃၇ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

**အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

စက်တင်ဘာ ၂၁ ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၃၇ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၈၇ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၀မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်းသေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်းရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်းကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၉၉ဦးဖြစ်ပြီး ယင်းအနက် ၆၇၈ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၁ဦးမှာ အခြား အကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

## ကန်တို့ ဘူလ်ဂေးရီးယားတပ်ဖွဲ့များ နာဂျက်ဖ်၌ဖြန့်ချမည့်ကိစ္စ ဘူလ်ဂေးရီးယားသမ္မတ ကန့်ကွက်ကြောင်းပြောကြား

ဆိုဖီယာ စက်တင်ဘာ ၂၀

**အီရတ်ရှိ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များအား အမေရိကန်တို့က ကာဘာလာမှ နာဂျက်ဖ်မြို့သို့ ပြန်လည်ဖြန့်ချမည့်ကိစ္စကို ဘူလ်ဂေးရီးယားသမ္မတ ဂျော်ဂျီပါဗာနော့ဗ်က ၎င်းကန့်ကွက်ကြောင်းထုတ်ဖော်ပြောကြားသည်ဟု လူထုဆက်သွယ်ရေးက စနေနေ့တွင် ဖော်ပြသည်။**

**ခြွင်းချက်ထား**

ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်များအား နာဂျက်ဖ်မြို့သို့ ပြောင်းရွှေ့သည့်ကိစ္စကို မိမိ အထူးခြွင်းချက်ထားကြောင်း ပါဗာနော့ဗ်က အင်္ဂါနေ့တွင် ပြောသည်။

မိမိတို့၏ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ တာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်ပြီး ကာဘာလာဒေသခံများနှင့် ချစ်ကြည်ရင်းနှီးမှုမှာ တိုးတက်ခဲ့ကြောင်း၊ သို့သော် နာဂျက်ဖ်မြို့သည် မိမိတို့၏တပ်ဖွဲ့ဝင်များအတွက်လုံးဝနေရာသစ်ဖြစ်ပြီး နာဂျက်ဖ်ဒေသခံများသည် မိမိတို့၏တပ်ဖွဲ့ဝင်များအား အမြဲရန်လိုနိုင်ကြောင်း ပါဗာနော့ဗ်က ပြောသည်။

**တုံ့ပြန်**

အီရတ်ရှိ အမေရိကန်စစ်ဘက်သည် အမေရိကန်တပ်ဖွဲ့ဝင်များ နေရာတွင် အစားထိုးရန်အတွက် ပိုလန်နှင့် ဘူလ်ဂေးရီးယား တပ်ဖွဲ့ဝင်များကို နာဂျက်ဖ်မြို့သို့ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိကြောင်း ဖော်ပြခဲ့သည့် သတင်းကို ဘူလ်ဂေးရီးယားသမ္မတက တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

**အတည်ပြုခဲ့**

ဘဂ္ဂဒက်တောင်ပိုင်းရှိ ကာဘာလာသို့ တပ်ဖွဲ့ ၅၀၀ခန့် စေလွှတ်ရေးကို ဘူလ်ဂေးရီးယား ပါလီမန်က ၂၀၀၃ခုနှစ် မေလတွင် အတည်ပြုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေရသည်ကို စက်တင်ဘာ၂၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အီရတ်၏စီးပွားရေးဆုတ်ယုတ်မှုနှင့် အလုပ်အကိုင်မဲ့မှုများ နိုင်ငံမတည်မငြိမ်ဖြစ်စေကြောင်း အလာဝီပြောကြား

လန်ဒန် စက်တင်ဘာ ၂၁

**အီရတ်နိုင်ငံ၏စီးပွားရေး ဆုတ်ယုတ်မှုနှင့်အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်းတို့သည် အီရတ်နိုင်ငံတွင် အခြေအနေမတည်မငြိမ်မှုကို ဖြစ်ပေါ်စေကြောင်း အီရတ်ဝန်ကြီးချုပ် အီယက်ဒ်အလာဝီက တနင်္လာနေ့၌ ပြောကြားလိုက်သည်။**

နိုင်ငံတကာဆိုင်ရာ အလှူရှင်များအနေဖြင့် ၎င်းတို့ ပေးထားသည့် ကတိကဝတ်များကို စောင့်ထိန်းရမည်ဖြစ်ပြီး အီရတ်၏နိုင်ငံခြားကြွေးမြီများကို အီရတ်နိုင်ငံကြီးပွားတိုးတက်ရေး လမ်းစအဖြစ် လျှော်ပေးသင့်ကြောင်း ဗြိတိန်နိုင်ငံထုတ် အင်ဒီပင်းဒင့်သတင်းစာ၌ ၎င်းကရေးသားသည်။

**ပြောကြား**

စီးပွားရေးနှင့် လုံခြုံရေး အခြေအနေများသည် ထွေးရောယှက်တင်ဖြစ်နေကြောင်း၊ လုံခြုံရေးနှင့်ငြိမ်းချမ်းရေးမရှိဘဲ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ယခုထိ အခြေအနေမတည်ငြိမ်မှုနှင့်ဖရိုဖရဲဖြစ်မှုတို့ကြောင့် အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းများ မရှိဖြစ်နေကြောင်း အလာဝီက ပြောကြားသည်။

**မတင်မကျဖြစ်**

အမွေဆက်ခံခဲ့ရသော အီရတ်နိုင်ငံ၏ ကြွေးမြီအဆင့်သည် ကမ္ဘာတွင် အမြင့်ဆုံးဖြစ်ကြောင်း ၎င်းက ရေးသားသည်။ ကြွေးမြီ လျှော့ပေါ့သက်သာရေးဆိုင်ရာ နိုင်ငံတကာ စေ့စပ်ဆွေးနွေးမှုများသည် ခန့်မှန်းခြေ ဒေါ်လာ ၁၂၀ဘီလီယံ၏ မည်မျှအား လျှော့ပေါ့ပေးမည်ဆိုသည်ကို ခေါင်းဆောင်များ သဘောမတူကြခြင်းကြောင့် မတင်မကျဖြစ်နေသည်။

အီရတ်နိုင်ငံ၏စီးပွားရေးဦးစားပေးမှုများသည် အလုပ်လက်မဲ့ဖြစ်မှုကို ဖြေရှင်းရန်၊ နိုင်ငံ၏အခြေခံအဆောက်အအုံများကို ပြန်တည်ဆောက်ရန်၊ အခြေခံဝန်ဆောင်မှုများကို နဂိုအတိုင်း ပြန်လုပ်ရန်နှင့် ရေနံထုတ်လုပ်မှုကို လျင်မြန်စွာ အရှိန်တိုးမြှင့်ရန် ဖြစ်ကြောင်း အလာဝီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

## လွန်ခဲ့သည့် ခြောက်လအတွင်း အီရတ် ၃၅၁၁ဦးသေဆုံး၊ ၁၃၆၈၂ဦးဒဏ်ရာရခဲ့

ဘဂ္ဂဒက် စက်တင်ဘာ ၂၁

**အီရတ်နိုင်ငံတစ်ဝန်းလုံးတွင် လွန်ခဲ့သည့် ခြောက်လအတွင်း အီရတ် လူမျိုးစုစုပေါင်း ၁၇၁၉၃ ဦးသေဆုံး သို့မဟုတ် ဒဏ်ရာရခဲ့ကြောင်း အီရတ် ကျန်းမာရေးဝန်ကြီးဌာန သတင်းရပ်ကွက်တစ်ခု၏ ပြောကြားချက်ကို အယ်လ်နာဒါသတင်းစာက တနင်္ဂနွေနေ့တွင် ကိုးကားဖော်ပြသည်။**

အီရတ်လူမျိုးစုစုပေါင်း ၃၅၁၁ ဦးသေဆုံးခဲ့ပြီး ၁၃၆၈၂ ဦးဒဏ်ရာရရှိခဲ့ ကြောင်း သတင်းရပ်ကွက်က ပြောကြားသည်။

သေဆုံးသူများတွင် အမျိုးသမီး ၁၇၅ဦးနှင့် ကလေး ၁၄၆ ဦး ပါဝင်ပြီး ဒဏ်ရာရသူများတွင် အမျိုးသမီး ၆၁၇ ဦးနှင့် ကလေး ၄၂၉ဦး ပါဝင်ကြောင်း သတင်းစာက ဆက်လက်ဖော်ပြသည်။ ယင်းစာရင်းမှာ ဆေးရုံတက်ရောက်သူနှင့် တရားဝင်မှတ်ပုံတင်ခဲ့သည့် အရေအတွက်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဓားစာခံအဖြစ်ဖမ်းဆီးထားသော အီရတ်အစောင့်တပ်ဖွဲ့ဝင် ၁၈ဦး ပြန်ပေးအုပ်စုကပြန်လွှတ်ပေးလိုက်ကြောင်း အယ်လ်ဂျာဇီရာရုပ်မြင်ထုတ်လွှင့်

ဘဂ္ဂဒက် စက်တင်ဘာ ၂၁

**ဓားစာခံအဖြစ် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားအုပ်စုတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၈ ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း ကာတာအခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက တနင်္လာနေ့တွင် ထုတ်လွှင့်ဖော်ပြသည်။**

အဆိုပါ ပြန်ပေးသမားများသည် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၈ ဦးအား တနင်္လာနေ့ ညပိုင်း၌ လွှတ်ပေးလိုက်ခြင်းဖြစ်သည်။ အီရတ်အကြီးအကဲတစ်ဦးကို ချက်ချင်းလွှတ်မပေးလျှင် ၎င်းတို့အား သတ်ဖြတ်မည်ဟု ပြန်ပေးသမားတို့က ခြိမ်းခြောက်ထားခဲ့သည်။

ဘဂ္ဂဒက်တွင် အယ်လ်ဆာဒါ၏လက်ထောက်အရာရှိတစ်ဦးဖြစ်သော ဟာဇင်မ်အယ်လ်အရာဂျီအား ၄၈ နာရီအတွင်း လွှတ်ပေးရန် ပြန်ပေးအုပ်စုက တောင်းဆိုထားခဲ့ပြီး ထိုသို့လွှတ်မပေးလျှင် အဆိုပါတပ်ဖွဲ့ဝင် ၁၈ဦးကို သတ်ပစ်မည်ဖြစ်ကြောင်းပြောကြားသည်ဟု အယ်လ်ဂျာဇီရာက တနင်္ဂနွေနေ့၌ သတင်းထုတ်လွှင့်ခဲ့သည်။

အရာဂျီနှင့် သူ၏ညီအစ်ကိုတော်စပ်သူတို့အား ဘဂ္ဂဒက်ရှိ ၎င်းတို့အိမ်အတွင်း အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်တို့ ဝင်ရောက်စီးနင်းကာ ဖမ်းဆီးသွားခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ပျက်စီး



**မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အသတ်ခံရသည့် ကန်ဓားစာခံ၏အလောင်းရှာတွေ့ပြီ

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသော အမေရိကန်နိုင်ငံသားနှစ်ဦးအနက်မှ အမ်းစထရောင်းဆိုသူအား ခုခံတိုက်ခိုက်ရေး ပြောက်ကျားအုပ်စုက သတ်ဖြတ်ခဲ့ကြရာ ၎င်း၏အလောင်းကို ရှာတွေ့ကြောင်း အမေရိကန် အရာရှိတစ်ဦးက တနင်္လာနေ့၌ ပြောကြားသည်။

**ပြောကြား**

အမ်းစထရောင်းအား သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်းကို အဘူမူဆက်အယ်လ် ဇာကာဝီ၏ ပြောက်ကျားအုပ်စုက ဗီဒီယိုရိုက်ကာ အင်တာနက်မှ အကြောင်းကြားအသိပေးခဲ့သည်။ ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးက အမ်းစထရောင်း၏ အလောင်းကို အီရတ်ရဲအဖွဲ့က ရှာတွေ့ခဲ့သည်ဟု အတည်ပြုကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရှိသူ အမျိုးသမီး ဒါရီယာကျော်ဒန်က ပြောကြားသည်။

လူထုဆက်သွယ်ရေးက အမေရိကန်တစ်ဦး၏ အလောင်းဖြစ်သည်ဟု ဖော်ပြလင့်ကစား မိမိတို့စုံစမ်းဖော်ထုတ်မှု မပြီးမချင်း ထိုသတင်းကို အတည်မပြုနိုင်ကြောင်း သူမက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



# ကျောင်းသုံးစာအုပ်များ ကျောင်းဖွင့်ရာသီအမီဖြန့်ဝေ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများ အချိန်မီအရောက်ပို့

ရန်ကုန် စက်တင်ဘာ ၂၂

**၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဝင်များ၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ညှိနှိုင်းဆောင်ရွက်

ရှေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များကို ကျောင်းသားကျောင်းသူများထံ အခက်အခဲမရှိ အောင်အောင်မြင်မြင် အချိန်မီထုတ်လုပ်ဖြန့်ဝေနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအတွက် ပုံနှိပ်ရေးနှင့်ဖြန့်ဝေရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန် အစည်းအဝေးခေါ်ယူခြင်းဖြစ်ကြောင်း၊ ထိုသို့ပုံနှိပ်ဖြန့်ဝေရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသုံးစာအုပ်များကိုကျောင်းသားကျောင်းသူများထံ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ လွယ်လွယ်ကူကူဖြင့် ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်အောင် ဖြန့်ဝေသွားကြရန်လိုကြောင်း၊ ပုံနှိပ်ရာတွင်လည်း တတ်နိုင်သမျှ နိုင်ငံပိုင်ပုံနှိပ်စက်များဖြင့်သာ အရည်အသွေးမီမီ ရိုက်နှိပ်သွားရန်၊ **အထက်မြန်မာနိုင်ငံအတွက် လိုအပ်သော ကျောင်းသုံးစာအုပ်ကို မကြာမီ မန္တလေးတွင် ဖွင့်လှစ်မည့် အထက်မြန်မာနိုင်ငံ ပုံနှိပ်စက်ဖြင့် ရိုက်နှိပ်သွားရန်၊** ရိုက်နှိပ်ထုတ်လုပ်ရာတွင် ခြိုးခြံချွေတာရန်၊ ထိုသို့ခြိုးခြံချွေတာနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များကို လက်ဆင့်ကမ်း သုံးစွဲသည့်စနစ်ကိုပါ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသုံးစာအုပ်များ အသစ်ပုံနှိပ်ထုတ်လုပ်ရသော စာအုပ် အရေအတွက်လျော့ကျ ရိုက်နှိပ်နိုင်မည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများသို့ ပွင့်လင်းရာသီတွင် အချိန်မီအရောက် ပို့ပေးရန်လိုကြောင်း၊ မူလအစီအစဉ်အတိုင်း ရိုက်နှိပ်မှုစနစ်၊ ဖြန့်ဝေမှုစနစ်များဖြင့် ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်မှာကြားသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကျောင်းသုံးစာအုပ်များဖြန့်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းတို့က ၂၀၀၅–၂၀၀၆ခုနှစ် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၂**

ဒေးဒရဲမြို့နယ် ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်စနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုရေး နည်းစနစ်ဆိုင်ရာ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက်က ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ မိုးစပါး စံပြစိုက်ခင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထိန်လင်းက သီးနှံအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ရေး၊ နည်းပညာပြန့်ပွားရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

## ဖြန့်ဝေပေး

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးထွန်းအောင်ကျော်က ခေါင်နံ့စနစ်ခေတ်သစ် ပျိုးထောင်စိုက်ပျိုးမှု၊ မျိုးသန့်စပါး စိုက်ခင်းများနှင့် ရေကျောက်ခက် သဘာဝမြေဩဇာပွားများထည့်သွင်း ဖြစ်ထွန်းမှုများကို စိုက်ခင်းအတွင်း လှည့်လည်ရှင်းလင်းပြသပြီး မြို့နယ်ဥက္ကဋ္ဌက ရေကျောက်ခက်မျိုး သဘာဝမြေဩဇာထုပ်များအား တောင်သူများအားဖြန့်ဝေပေးသည်။

## ကွင်းဆင်းဆောင်ရွက်

ဒေးဒရဲမြို့နယ်၌ မိုးစပါး ၁၈၁၇၀၄ ဧက စိုက်ပျိုးရန် လျာထားရာ ယနေ့အထိ ၉၉ဒသမ ၄၉ ရာခိုင်နှုန်း အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးပြီးဖြစ်၍ စပါးခင်းများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ချောင်းဖျားကွင်းအပါအဝင် နယ်မြေအလိုက် စိုက်တိုးမြှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မကြာမီ ရာခိုင်နှုန်းပြည့် စိုက်ပျိုးပြီးစီးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဉ္စနန်းပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်ရွှေကြက်ယက်ဆရာတော်က ဘေးရန်ကင်းကွာကျန်းမာချမ်းသာစေရန် ရည်သန်၍ ရွှေဂုံရိပ်မွန်အိမ်ရာ၌ စက်တင်ဘာ ၂၃၊ ၂၄ ရက်တွင် နှစ်ရက်တိုင်တိုင် ပဌာန်းရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

---

**✻ ရှေ့ဖုံးမှ**

ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။

## ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကျန်းမာရေးကဏ္ဍတွင် ပိုမိုအရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ကမ္ဘာလှည့်ခရီးသွားလမ်းညွှန် မြန်မာ(၂၀၀၄–၀၂)အခမဲ့ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co., Ltd.(D. P. S)သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ခုနှစ်မှ စတင်ကာ နှစ်စဉ်စောင်ရေ သုံးသိန်း စီစဉ်ပုံနှိပ်ဖြန့်ချိခဲ့ပြီး ယခုထပ်မံစီစဉ်၍ Tourist Maps of ˚˚Myanmar ˚(2004-02) ကို အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ Design Printing Services Co., Ltd. (D. P. S)၌ လည်းကောင်း၊ မြန်မာ့ခရီးသွား လုပ်ငန်း သတင်းထုတ်ပြန်ရေးကောင်တာ(လေဆိပ်နှင့်ရုံးချုပ်)တို့၌လည်းကောင်း အခမဲ့ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့နှလုံးကျန်းမာရေးနေ့

World Heart Day

၂၀၀၄–ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်

**"ပုံမှန်လေ့ကျင့်အစားကိုချင့်၊ နှလုံးကျန်းမာတစ်သက်တာ"**

"A Heart for Life"

**ကျန်းမာရေးဝန်ကြီးဌာန**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးပြပွဲပြိုင်ပွဲကျင်းပရန်စီစဉ် အလွတ်တန်းဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၂၂

**ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲပြိုင်ပွဲကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ပထမပတ်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။**

အဆိုပါ ပြပွဲပြိုင်ပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလွတ်တန်း ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဝတ္ထုတိုပြိုင်ပွဲ အတွက် ဆောင်ပုဒ်မှာ "သင့်ခရီးလမ်းဖြောင့်ဖြူးဖို့ ယာဉ်ကျေးညင်သာ မောင်းနှင်စို့" ဖြစ်ပြီး ဆောင်းပါးပြိုင်ပွဲအတွက် ဆောင်ပုဒ်မှာ "စုပေါင်းကာကွယ်လမ်းအန္တရာယ်၊ ထိခိုက်မှုမှကင်းစေမယ်" (Road Safety is No Accident ) ဖြစ်သည်။

## ပါဝင်ယှဉ်ပြိုင်နိုင်

စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသည့် လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေ သတ်မှတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ကာတွန်းပြိုင်ပွဲအတွက်ဆောင်ပုဒ်မှာ "စည်းမဲ့ကမ်းမဲ့ လမ်းကူးမှု၊ ယာဉ်အန္တရာယ်ဖိတ်ခေါ်ပြု" ဖြစ်ပြီး ပိုစတာပြိုင်ပွဲအတွက်ဆောင်ပုဒ်မှာ "မဆင်မခြင် မောင်းနှင်မှု၊ အသက်ပေါင်းများစွာ အန္တရာယ်ပြု" ဖြစ်သည်။ ပုံများကို (၁၀ X ၂၀) လက်မအရွယ်အစား နှစ်သက်ရာ စက္ကူ၊ ဆေး၊ ရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ သရုပ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏ လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏ နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်းမပြုရ။

## ပြည့်စုံစွာပေးပို့

ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် ဆောင်ပုဒ်မှာ "သောက်စားမူးယစ်မောင်းနှင်က အသက်များစွာဆုံးရှုံးရ" ဖြစ်ပြီး သင့်လျော်သည့် ကွန်ပျူတာဖြင့်ရေးဆွဲ၍ ပိုစတာပန်းချီများကို Floppy Disk သို့မဟုတ် Compact Disk (CD-ROM) တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်။

## ဝန်ခံချက်

ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ် ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်။

## ပေးပို့

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကာတွန်းများကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေဗိမာန် ဒုတိယထပ် ရန်ကုန်မြို့ ဖုန်း–၂၅၂၄၁၇၊ ၂၅၄၁၇၃၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးအောင်မြင့် ဖုန်း–၅၇၃၁၀၆၊ ၅၇၃၁၀၉ တို့သို့လည်းကောင်း၊ ပြိုင်ပွဲဝင် ပိုစတာများကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ရုံးခန်း) ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း ရန်ကုန်မြို့ ဖုန်း –၂၄၀၉၆၆ လိုင်းခွဲ ၇၀၆/၇၀၇ တို့သို့လည်းကောင်း၊ ပြိုင်ပွဲဝင် ဒစ်ဂျစ်တယ်ပိုစတာပုံများကို ဦးမြသိန်း ကွန်ပျူတာ တက္ကသိုလ်(လှိုင်နယ်မြေ) ဖုန်း–၆၆၄၂၅၄သို့ လည်းကောင်း ပေးပို့ရမည်။

ပြိုင်ပွဲဝင်ပုံများနှင့် စာမူများအားလုံးကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁ ရက် ညနေ ၃ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သည့် စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည်ပေးပို့မည်မဟုတ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ထူးကျော်ကုမ္ပဏီ လီမိတက်က ငွေကျပ် ၁၀၁၀၄၀၀ တန်ဖိုးရှိ ဆေးဝါးများ ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(သတင်းစဉ်)

# ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပြည်တွင်းပြည်ပမှစေတနာရှင်အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူငွေနှင့် ပစ္စည်းများလက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။**

**တက်ရောက်**

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးသိန်းဇော်နှင့်ဇနီးဒေါ်ခင်လေးမာ မိသားစုက ငွေကျပ် ၁၈၀၀၀၀တန်ဖိုးရှိ မွေးကင်းစကလေးသုံး ချွဲစုပ်စက်သုံးလုံး၊ Pahtama Group Co., Ltd.က ငွေကျပ်၁၂၂၄၃၆၀၀တန်ဖိုးရှိ နို့မှုန့်ဘူးများ၊ ပြည့်ဖြိုးအောင်ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ စင်ကာပူသမ္မတနိုင်ငံမှ Dr. Lucy Seet က စစ်ကိုင်းတိုင်း ကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းက ကလေးသွားပွတ်တံ ၃၀၀နှင့် ထူးကျော်ကုမ္ပဏီလီမိတက်က ငွေကျပ်၁၀၁၀၄၀၀တန်ဖိုးရှိ ဆေးဝါးများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

**ရုပ်သိမ်း**

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်းကျင်းပသည့် ၂၀၀၄ ခုနှစ် "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ" အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိမင်္ဂလာခန်းမ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေးကော်မတီနာယကက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးဦးဘိုးသန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့်ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးဦးလှထွန်း(လှထွန်း–တွံတေး)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ ဘိုးဘွားရိပ်သာများမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အဘိုးအဘွားများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။**

စာတမ်းဖတ်ပွဲ အခမ်းအနားတွင် သဘာပတိများအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ဦးသန်းမောင် (သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)တို့က ဆောင်ရွက်ကြပြီး သဘာပတိဦးတင်ခ(တက္ကသိုလ်တင်ခ)က အဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားမှူး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က အခမ်းအနားသို့ တက်ရောက်လာကြသူများအား စာတမ်းရှင်များနှင့်မိတ်ဆက်ပေးသည်။

**ပြန်လည်ဖြေကြား**

ဆက်လက်၍ စာရေးဆရာဦးမျိုးသန့် (မောင်ဆုရှင်)က "သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် နိုင်ငံတကာစံနှုန်းများ"စာတမ်းကို လည်းကောင်း၊ စာရေးဆရာ ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က "သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးပြဿနာအဖြာဖြာ" စာတမ်းကိုလည်းကောင်း၊စာရေးဆရာဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က "မြန်မာ့လူနေမှုစနစ်နှင့်သက်ကြီးရွယ်အိုစောင့်ရှောက်ရေး" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး မေးမြန်းချက်များပြန်လည်ဖြေကြားကြသည်။

**အမှာစကားပြောကြား**

ထို့နောက် သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) က နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်းကျင်းပသည့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲတွင် သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က အမှာစကားပြောကြားစဉ်။**

(လူမှုဝန်ထမ်း)





**ရာနှုန်း ၈၀ မိုး**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

# တပ်မတော်(ကြည်း၊ရေ၊လေ)ပထမအဆင့် အုပ်စုပတ်လည်ဘောလုံးပြိုင်ပွဲများဆက်

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၀၄ ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ (က)အုပ်စု(ရတခ)ဇုန် မော်လမြိုင်မြို့၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ (ခ)အုပ်စု(နတခ)ဇုန် ပုသိမ်မြို့၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိကြပြီး (ဂ)အုပ်စု(နမခ)ဇုန် မုံရွာမြို့၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် တပ်မတော်(လေ)အသင်းတို့ တစ်ဂိုးစီဖြင့်သရေကျပြီး (ဃ)အုပ်စု(လပခ)ဇုန် မန္တလေးမြို့၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိ၊ (င)အုပ်စု(တပခ)ဇုန် တောင်ငူမြို့၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။



# မဲခေါင်ဒေသအတွင်းရှိနိုင်ငံများမှ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေး မြန်မာနိုင်ငံ၌ကျင်းပမည် ကော်မတီ၊ ဆပ်ကော်မတီအလိုက်လုပ်ရမည့်တာဝန်များ မလစ်ဟင်းရေးစတင်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၂

**မဲခေါင်ဒေသအတွင်းရှိ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်စသည့် နိုင်ငံများမှ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ၂၀၀၄ခုနှစ် အောက်တိုဘာ စတုတ္ထပတ်အတွင်း မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးနှင့် ပတ်သက်၍ ဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။ (အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး တင်လှိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဗန်ကောက်အခြေစိုက် မဲခေါင်ဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ် (UNIAP) ဒေသခွဲရုံးမှ ဒုတိယ စီမံကိန်းမန်နေဂျာ ဒေါက်တာစုစုသာထွန်းတို့တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် လာမည့် အောက်တိုဘာ ၂၉ ရက်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မဟာမဲခေါင်ဒေသခွဲဆိုင်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ် ပထမအကြိမ် ဝန်ကြီးများအဆင့် အစည်းအဝေးအတွက် ကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးဖြစ်ကြောင်း။

လူကုန်ကူးမှုမှာ လူသားများကို ကုန်ပစ္စည်းသဖွယ် ရောင်းဝယ်ဖောက်ကားမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အဓမ္မခေါင်းပုံဖြတ်မှု၊ ပြည့်တန်ဆာခိုင်းစေမှုတို့ကို သတ်ဖြတ်သည်အထိ တွင်တွင်ကျယ်ကျယ် ကျူးလွန်နေကြသည့်အတွက် လူသားတစ်ဦးစီ၏ အသက်ခန္ဓာအပြင် အကျင့်သိက္ခာနှင့် စိတ်ပိုင်းဆိုင်ရာကိုပါ ထိခိုက်သည်ကို တွေ့ရှိရကြောင်း။

လူကုန်ကူးခံရသူများ၏ ၈၀ရာခိုင်နှုန်းသည် အမျိုးသမီးနှင့်ကလေးများဖြစ်ကြောင်းကိုလည်း ဆန်းစစ်လေ့လာချက်များအရ သိရှိရကြောင်း၊ မြန်မာ့လူမှုအသိုင်းအဝိုင်းအနေဖြင့် အသက်ထက်အရှက်ကို တန်ဖိုးထားသည့်အပြင် အရှက်ထက်ဂုဏ်သိက္ခာကို တန်ဖိုးထားကြောင်း၊ ထိုကဲ့သို့သော အရှက်နှင့် ဂုဏ်သိက္ခာ ဆုံးရှုံးရမည့်အဖြစ်မျိုးကို နှစ်ပေါင်းထောင်ချီကစတင်ပြီး ယနေ့အထိ တည်ရှိဆဲဖြစ်သည့် မြန်မာ့ဓလေ့ထုံးစံ၊ ဘာသာရေးအဆုံးအမများအရ မည်ကဲ့သို့မျှ လက်မခံနိုင်သော ကိစ္စဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်သာမက မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်ယဉ်ကျေးမှုကမဆို လူတစ်ဦး တစ်ယောက်၏ ဂုဏ်သိက္ခာကို ထိခိုက်သည့် လုပ်ရပ်မျိုးကို လက်ခံကြမည် မဟုတ်ကြောင်း။

## စီမံချက်ချဆောင်ရွက်

ယင်းကိစ္စများနှင့် ပတ်သက်၍ ယခင်က မြန်မာနိုင်ငံအနေဖြင့် သာမန်မှုခင်းများအဖြစ်သာ တစ်မှုချင်းစုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်နေရာက ၁၉၉၆ ခုနှစ်မှစ၍ အထူးကိစ္စတစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်ရန် လိုအပ်သည်ဟု သတိပြုခဲ့မိကြောင်း၊ ၁၉၉၆ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို စတင်ဖွဲ့စည်းခဲ့ပြီး၊ ယင်းကော်မတီအောက်တွင် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့်လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကိုဖွဲ့စည်းကာ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းကော်မတီနှစ်ရပ်သည် ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ တားဆီးကာကွယ်ရေးလုပ်ငန်းနှင့်ဥပဒေအရအရေးယူမှုလုပ်ငန်းများအပြင် သားကောင်ဖြစ်ခဲ့ရသူများအား ပြန်လည်လွှဲပြောင်းလက်ခံရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျစီမံချက်ချဆောင်ရွက်ခဲ့ကြောင်း။

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီအနေဖြင့် ၁၇-၇-၂၀၀၂ရက်မှ၃၁-၇-၂၀၀၄ ရက်အထိအမှုပေါင်း၄၁၂မှုကိုဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ ရဲအမှုများအနက် ၁၆၆မှု မှ ပြစ်မှု ကျူးလွန်သူ ၃၃၅ဦး ကို ပြစ်မှုထင်ရှားသဖြင့် ပြစ်ဒဏ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြစ်ဒဏ်ပေးခြင်းခံရသူများမှာ တစ်သက်တစ်ကျွန်းဒဏ် နှစ်ဦး၊ ထောင်ဒဏ် ၁၀နှစ်အထက် ၇၈ဦး၊ ထောင်ဒဏ်ငါးနှစ်မှ၁၀နှစ်အထိ ၁၇၇ ဦး၊ ထောင်ဒဏ်ငါးနှစ်အောက်၇၈ဦးဖြစ်ကြောင်း၊ ရဲချုပ်ဦးစီးသည့် ပြည်ပနိုင်ငံများသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်သူများအား ကြီးကြပ်ကွပ်ကဲမှုဗဟိုကော်မတီကိုလည်း ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာပညာပေးသူ ၇၀၁၈၉၇ ဦး၊ တားဆီး၍ မိဘများထံ ပြန်လည်အပ်နှံသူ ၁၅၉၅၉ ဦးနှင့် ဥပဒေအရ အရေးယူခဲ့ရသူ ၁၄၄၅ ဦးရှိကြောင်း။

## ရေးဆွဲလျက်ရှိ

နိုင်ငံတကာအနေဖြင့် ၂၀၀၄ခုနှစ် မတ် ၃၀ရက်တွင် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ကျူးလွန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာကွန်ဗင်းရှင်းနှင့် လူကုန်ကူးမှုနောက်ဆက်တွဲစာချုပ်၊ လူမှောင်ခိုမှုနောက်ဆက်တွဲ စာချုပ်များတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ဖြစ်ကြောင်း၊ စာချုပ်များပါ ပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် လိုအပ်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကိုလည်း ရေးဆွဲလျက်ရှိကြောင်း။

ယင်းဥပဒေနှင့်ပတ်သက်၍ မူကြမ်းအဆင့်တွင် နိုင်ငံတကာ ကျွမ်းကျင်သူများကို ဖိတ်ကြားပြီး လေ့လာဆန်းစစ်မှု အလုပ်ရုံဆွေးနွေးပွဲကို ၂၀၀၄ခုနှစ် စက်တင်ဘာ ၆ ရက်မှ ၇ရက်အထိ UNIAPနှင့် ပူးပေါင်းကျင်းပခဲ့ရာ ဆွေးနွေးပွဲတွင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ကိုယ်တိုင် ဦးစီးဆောင်ရွက်ပေးခဲ့ကြောင်း၊ တားဆီးကာကွယ်ရေးအပိုင်းနှင့် ပတ်သက်၍ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ နားလည်မှုစာချွန်လွှာ (MoU) ရေးဆွဲပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ကို ဖွဲ့စည်းကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ ၄၀ကို ၂၀၀၄ခုနှစ် မတ်လမှစတင်၍ သင်တန်းပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို ကိုင်တွယ်အရေးယူဆောင်ရွက်ရန်အတွက် ဌာနတစ်ခုကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဖွဲ့စည်းခွင့်ရရှိပြီးဖြစ်၍ စတင်ဖွဲ့စည်းလျက်ရှိကြောင်း။

## အောင်မြင်စွာတိုက်ဖျက်

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံအတွင်း ဌာနချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် NGO, INGO များဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ၂၀၀၄ခုနှစ် စက်တင်ဘာ ၁၀ရက်တွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအပေါ် ထူးခြားအားထုတ်မှုမရှိသောနိုင်ငံအဖြစ် ထပ်မံသတ်မှတ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်အားလုံးသည် ကိုယ့်ဝန်၊ ကိုယ့်အား၊ ကိုယ့်နိုင်ငံနေအင်အားအတွင်း အမျိုးသားရေးအကျိုးစီးပွား၊ ကမ္ဘာ့လူသား အကျိုးစီးပွားနှင့် စိတ်ရင်းစေတနာမှန်စွာ စွမ်းအားပြည့် ဆောင်ရွက်နေသည် ဖြစ်ကြောင်း၊ လူကုန်ကူးမှုသဘောသဘာဝသည် အသုံးပြုသည့် နိုင်ငံနှင့် စုဆောင်းခံရသည့် နိုင်ငံအကြား ခေါင်းပုံဖြတ် အမြတ်ထုတ်ချင်သည့် လူကုန်ကူးသူများက အခွင့်ကောင်းယူဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အသုံးပြုသည့် နိုင်ငံ၏ အားနည်းမှုကြောင့် လိုအပ်မှု (Demand) တွင် ရှိနေပြီး စီးပွားရေး အခြေအနေ နိမ့်ကျသည့် နိုင်ငံက တိုးတက်ချမ်းသာလိုသူများကို ဆွဲဆောင်စည်းရုံးကျူးလွန်ခံရမှုသာဖြစ်ကြောင်း၊ ထို့ကြောင့် အသုံးပြုသည့် နိုင်ငံများက စုဆောင်းခံရသည့် နိုင်ငံများကို လက်ညှိုးထိုးအပြစ်တင်နေခြင်းထက် မိမိနိုင်ငံတွင် ထိရောက်အောင် ထိန်းချုပ်ကာ စုဆောင်းခံရသည့် နိုင်ငံ၏ အားနည်းချက်ကို ဝိုင်းဝန်းပံ့ပိုးသည့် စနစ်ဖြင့် အပြန်အလှန် နားလည်မှုတည်ဆောက်ပြီး ပူးပေါင်း ဆောင်ရွက်မှုရှိမှသာ လူကုန်ကူးမှု ပြဿနာကြီးကို အောင်မြင်စွာ တိုက်ဖျက်နိုင်မှာဖြစ်ကြောင်း။

Greater Mekong Sub- Region (GMS)ခြောက်နိုင်ငံဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံများမှ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဝန်ကြီးသုံးဦးစီ တက်ရောက်မည့် COMMIT အစည်းအဝေးကြီးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လာမည့် အောက်တိုဘာ ၂၉ ရက်တွင် လက်ခံ ကျင်းပမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေး မတိုင်မီ အဆင့်မြင့် အရာရှိကြီးများ၏ အကြိုညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂၇၊၂၈ ရက်များတွင် ရန်ကုန်မြို့၌ ကျင်းပရန်ရှိကြောင်း၊ ဤအစည်းအဝေးသည် ဒေသအတွင်း အလွန်အရေးပါသော လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ MoU တစ်ခုကို သဘောတူ လက်မှတ်ရေးထိုးရန် စီစဉ်လျက်ရှိကြောင်း။

## ပေါင်းစပ်ညှိနှိုင်း

COMMIT အစည်းအဝေးကို ကျင်းပရေးအတွက် UNIAP (Bangkok) မှ ဒေါက်တာစုစုသာထွန်းသည် GMSခြောက်နိုင်ငံမှ တာဝန် ရှိသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ UNIAP သည် COMMIT အစည်းအဝေး၏ Secretariatတာဝန်ကိုယူထားသကဲ့သို့ အစည်းအဝေး ကုန်ကျစရိတ်များကိုလည်း UNIAP ၏ စည်းရုံးဆောင်ရွက်မှုဖြင့် အလှူရှင်နိုင်ငံများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် NGO များ၏ လှူဒါန်းငွေဖြင့် ကျခံမည်ဖြစ်ကြောင်း။

ဤ COMMIT အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လွန်ခဲ့သည့် ဇွန်၂၅ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် သက်ဆိုင်သည့် ဌာနများမှ အရာရှိကြီးများတက်ရောက်သည့် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးက ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီရှစ်ခုဖွဲ့စည်း၍ တာဝန်ပေးအပ်ရန်၊ Sedona Hotel တွင် ကျင်းပရန်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေမူကြမ်းကို နိုင်ငံတကာပညာရှင်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဥပဒေတစ်ရပ်ပေါ်ပေါက်လာရေး ညှိနှိုင်းဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြောင်း။

## မြန်မြန်ဆန်ဆန်ဆောင်ရွက်

ယနေ့အစည်းအဝေးကို ဖိတ်ခေါ်ရခြင်းမှာ COMMITအစည်းအဝေး ကျင်းပရန် တစ်လသာလိုတော့သဖြင့် ကြိုတင်ပြင်ဆင်မှုများ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီရှစ်ခုဖွဲ့စည်းမှုကိုလည်း အစည်းအဝေးတက်ရောက်သူများထံ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ လိုအပ်သည်များဖြည့်စွက်ပြီးပါက ကော်မတီ၊ ဆပ်ကော်မတီအလိုက် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို လစ်ဟင်းမှုမရှိအောင် စတင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က အစည်းအဝေးကျင်းပရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ အောက်တိုဘာ၂၇၊ ၂၈၊ ၂၉ရက် အစည်းအဝေးအစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဧည့်သည်တော်များ ရန်ကုန်မြို့တွင်း လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍လည်းကောင်း၊ ထိုအစည်းအဝေးတွင် အတည်ပြု လက်မှတ်ရေးထိုးသည့် နားလည်မှုစာချွန်လွှာမူကြမ်းနှင့် ပတ်သက်၍လည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြပြီးတက်ရောက်သူများက အကြံပြုဆွေးနွေးခဲ့ကြပြီးနောက် အတည်ပြုခြင်းဆောင်ရွက်ခဲ့သည်။

## ရှင်းလင်းတင်ပြ

ထို့နောက် UNIAP (Bangkok) မှ Deputy Programme Managerက မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများ၊ ဝန်ကြီးအဆင့်အစည်းအဝေးပေါ်ပေါက်လာပုံနှင့် ယင်းအစည်းအဝေးလုပ်ငန်းစဉ်၏ အရေးပါပုံတို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ယနေ့အစည်းအဝေးတွင် ပြည့်ပြည့်စုံစုံပြင်ဆင်ဆောင်ရွက်ထားသဖြင့်လည်းကောင်း၊UNIAPမှ လိုအပ်သည်များကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားသဖြင့်လည်းကောင်း အောင်မြင်သည့်အစည်းအဝေးပွဲကြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် တတ်နိုင်သည့်ဘက်က ပါဝင်ကူညီသွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

## စောင့်ရှောက်ခဲ့

အစည်းအဝေးတက်ရောက်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ ခြောက်နိုင်ငံ ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်မည့် ရည်ရွယ်ချက်သည် အလွန်ကောင်းမွန်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၂ခုနှစ်ကတည်းက ဒုက္ခရောက်နေသည့် အမျိုးသမီး ၉၅ဦးကို ကယ်တင်၍ စောင့်ရှောက်ခဲ့သည့်သာဓကရှိကြောင်း၊ ယခုအခါ အမျိုးသမီးများသာမက ကလေးသူငယ် အမျိုးသားများအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနအသီးသီးက လူကုန်ကူးမှုတိုက်ဖျက်ရေး အစီအစဉ်ဖြင့် တားဆီးကာကွယ်မှု ဘက်စုံဆောင်ရွက်နေ၍ အားရဖွယ်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို စိတ်ဝင်စားစွာ ဆောင်ရွက်လျက်ရှိနေကြောင်း ဆွေးနွေးသည်။

## သမိုင်းတွင် အရေးပါ

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဖြည့်စွက်ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် ဥပဒေသစ် ပြဋ္ဌာန်းရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဥပဒေတစ်ရပ်ဖြစ်ရေးအတွက် မကြာမီက နိုင်ငံတကာကျွမ်းကျင်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်နိုင်ခဲ့ကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး သီးခြားဥပဒေမရှိသဖြင့် နိုင်ငံတကာ၏ ထောက်ကွက်ဖြစ်ခဲ့ကြောင်း၊ ထို့အပြင် GMSခြောက်နိုင်ငံ MoUသည် သမိုင်းတွင်အရေးပါသည့် MoUဖြစ်ကြောင်း၊ UNအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုရှိသဖြင့် ပိုမို၍ ထိရောက်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ၁၉၉၂ခုနှစ်ကတည်းက အမျိုးသမီး၊ ကလေးသူငယ်များ စောင့်ရှောက်မှုကို အလေးထားဆောင်ရွက်ခဲ့ကြကြောင်း၊ သားသမီးများကို ရတနာသဖွယ် တန်ဖိုးထားသည့် ဓလေ့ထုံးစံရှိသည့် နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအား တိုင်းတစ်ပါးမှ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ တစ်ဖက်သတ်အမျိုးမျိုး စွပ်စွဲမှုရှိစေကာမူ မိမိတို့သည် မိမိလူမျိုး၊ နိုင်ငံတိုးတက်ရန်အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာနှင့်လည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့်မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး၊ အဓမ္မစေခိုင်းခြင်း၊ ကလေးသူငယ်များ စစ်မှုထမ်းစေခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် လူကုန်ကူးမှုပြဿနာ အပါအဝင် အလေးအနက်ထားတိုက်ဖျက်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဖွဲ့စည်းပြီးနောက်ပိုင်းတွင် ဤလုပ်ငန်းစဉ်များတွင် အင်နှင့်အားနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာသဖြင့် လူကုန်ကူးမှုပြဿနာ၊ ပြည်ပြေးအဖွဲ့မှ စွပ်စွဲသည့် နယ်စပ်ဒေသတွင် အမျိုးသမီးများ အဓမ္မပြုခြင်း ပြဿနာများကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်သည့် အခြေအနေရှိကြောင်း၊ ဤအစည်းအဝေးကြီးအောင်မြင်စွာ ပြီးဆုံးသည်အထိ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူမှုအပေါ် ကမ္ဘာ့ထိပ်တန်းပညာရှင်များလက်မခံ

**အောင်မိုးခံ**

နိုင်ငံတစ်နိုင်ငံအပေါ် စီးပွားပျက် အကျပ်ဆိုက်အောင် လူသားချင်းစာနာတဲ့ အကူအညီ ဖြတ်တောက်ပြီး စီးပွားရေးပိတ်ဆို့အရေးယူမှုဟာ စာနာထောက်ထားမှု အကင်းမဲ့ဆုံး လုပ်ရပ်ဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး စားဝတ်နေမှုဒုက္ခကြီးစွာ ကြုံလာရအောင် ဖန်တီးပိတ်ဆို့မှုဟာ အဆိုးဆုံးသောလူ့အခွင့်အရေး ဖောက်ဖျက်မှုဖြစ်တယ်။ စီးပွားရေးအကြမ်းဖက်မှုလဲ ဖြစ်ပါတယ်။ ဒါတွေဟာ သူတစ်ပါးအပေါ် အဘိဇ္ဈာပွားတဲ့ မကောင်းမှုသာဖြစ်ပါတယ်။

အဘိဇ္ဈာစေတသိက်အကြောင်းကို ဗုဒ္ဓတရားဒေသနာ စာပေတို့တွင် အခုလို ဖတ်ရှုမှတ်သားခဲ့ရပါတယ်။

**အဘိဇ္ဈာ** ။ လောဘစေတသိကဟူ၍ ဝေါဟာရသီးခြားရှိ၏။ အဘိဇ္ဈာ၏ လိုရင်းအဓိပ္ပာယ်မှာလဲ လောဘပင်ဖြစ်၏။ သို့ရာတွင် အဘိဇ္ဈာဟုခေါ်ရသော လောဘမှာ မတော်လောဘသက်သက်ဖြစ်၏။ ဝိသမလောဘဟု ခေါ်သည်။ သူတစ်ပါး၏ပစ္စည်းကို "ငါ့ပစ္စည်းဖြစ်လိုက်ပါတော့"ဟူ၍ မတရားစိတ်ကူးကြံစည်မှုကို အဘိဇ္ဈာဟုခေါ်၏။လိုချင်စိတ်(လောဘ)ဖြစ်ပေါ်ရုံသာမကဘဲ ရရာရကြောင်း၊ မကောင်းကြံစည်မှုထိအောင် အဓိပ္ပာယ်သက်ရောက်၏။ မြန်မာလိုဆိုလျှင် လုပ်ကြံမှုဟု ဆိုရပေမည်။ ဝိသမလောဘကို မတော်လောဘဟူ၍ဆိုရာ တော်သော လောဘရှိသေးလားဟု စောဒကတက်ခွင့်ရှိပြန်၏။ အဖြေမှာ ပုထုဇဉ်တို့နဲ့ မကင်းနိုင်သောသူ့ဘက်ကိုယ့်ဘက် မျှတသည့်လောဘကို သမလောဘ ဟူ၍ ခေါ်ဝေါ်၏။

အဲဒီလို အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတို့ရဲ့ မြန်မာနိုင်ငံကို တစ်ဖက်သတ် ပြင်းထန်စွာ စီးပွားရေးပိတ်ဆို့နေမှုအပေါ် နိုင်ငံတကာမှ သမာသမတ်ရှိတဲ့ ထိပ်တန်းပညာရှင်များက လုံးဝလက်မခံပါ။ ဒါကြောင့် ဒီအပေါ် နိုင်ငံတကာထိပ်တန်းပညာရှင်များရဲ့ အဂတိတရားလေးပါး ကင်းစွာရေးသား၊ ဟောပြောမှုများကို အခုလို တွေ့နိုင်ပါတယ်။

ကိုလံဘီယာတက္ကသိုလ် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ဌာနကြီးမှူး စီးပွားရေးပါမောက္ခဂျက်ဖရီဒီဆက်ရဲ့ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁ရက်နေ့ထုတ် နေရှင်းသတင်းစာပါ (US needs to re-think planned sanctions against Burma) "မြန်မာအပေါ်ချမှတ်တဲ့ ပိတ်ဆို့အရေးယူမှုများကို အမေရိကန်အနေနဲ့ ပြန်လည်သုံးသပ်သင့်ပါတယ်" ဆောင်းပါးပါဖော်ပြချက်မှာ–

> အထီးကျန် တံခါးပိတ်ဝါဒကျင့်သုံးနေခဲ့တဲ့ နိုင်ငံများကို ထပ်မံတံခါးပိတ်ဖို့ လုပ်တာဟာ သာမန်ပြည်သူလူထုများကို ပိုမိုထိခိုက်နစ်နာစေမှာဖြစ်သလို အဆိုပါ နိုင်ငံအစိုးရများကိုလဲ ပိုမိုတင်းကျပ်စွာ ဆောင်ရွက်ဖို့ သတိပေးသလို ဖြစ်နေစေတယ်။

အမေရိကန်လွှတ်တော်နှစ်ရပ်စလုံးက မြန်မာနိုင်ငံအပေါ် စီးပွားရေးနဲ့ ငွေကြေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုတွေ ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ခေတ်ပြိုင်သမိုင်းမှာ အထင်ရှားဆုံး စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကတော့ လူဖြူအနည်းစုအုပ်ချုပ်တဲ့ ကာလအတွင်းက တောင်အာဖရိကနိုင်ငံအပေါ် ချမှတ်တဲ့ ဆောင်ရွက်ချက်များပါပဲ။ ကမ္ဘာ့နိုင်ငံအများက တောင်အာဖရိကနဲ့ ကုန်သွယ်ရေးကို ရပ်ဆိုင်းခဲ့ပြီး တောင်အာဖရိက စီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ မလုပ်ခဲ့ကြဘူး။ အပေါ်ယံကြော ကြည့်ရင်တော့ အဲဒီလို ပိတ်ဆို့ အရေးယူမှုတွေဟာ တောင်အာဖရိကရှိ လူဖြူအုပ်စိုးမှုစနစ် ပြိုပျက်ရေး လျင်မြန်စေခဲ့တယ်လို့ ယူဆနိုင်ပါတယ်။ ဒါပေမယ့် ကြီးမားတဲ့ အောင်မြင်မှုတစ်ခုဟာ အခြားသော ဆုံးရှုံးမှုအများအပြားကိုတော့ ဘယ်လိုမှ ဖုံးကွယ်အစားထိုးခြင်း မပြုနိုင်ပါဘူး။ ဆိုလိုတာကတော့ လူဖြူအနည်းစု ကြီးစိုးမှုကို တိုက်ဖျက်ရာမှာ အခြားနည်းလမ်းကောင်းများ အသုံးပြုလို့ရနိုင်တယ်ဆိုတာ သေချာလို့ပါပဲ။

ကျူဘားစီးပွားရေး မတိုးတက်မှုကို ဆန်းစစ်လိုက်ရင် အုပ်ချုပ်သူများရဲ့ စီးပွားရေးစီမံမှုအမှားလဲ ပါဝင်သလို ၁၉၆၀ပြည့်လွန် ကာလများကတည်းက ဒီနိုင်ငံအပေါ် အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်ရေးပိတ်ဆို့မှုတွေဟာလည်း လက်သည်တရားခံဖြစ်ပါတယ်။ ၁၉၉၀ပြည့်လွန်နှစ်များတွင် ဒီမိုကရေစီ ထူထောင်ရေးရည်ရွယ်ချက်နဲ့ အမေရိကန်က စီးပွားရေးပိတ်ဆို့အရေးယူလိုက် တဲ့အခါမှာ ဟေတီနိုင်ငံစီးပွားရေးဟာ ထိုးကျသွားခဲ့တယ်။ အီရတ်နဲ့ မြောက် ကိုရီးယားတို့လဲ စီးပွားရေးပိတ်ဆို့မှုဖိအားကို ခံစားခဲ့ကြရတယ်။ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ဒဏ်ရာဒဏ်ချက်တွေဟာ သိသာထင်ရှားနေပေမယ့် အဲဒီဆောင်ရွက်ချက်ရဲ့ ဦးတည်ချက်ပန်းတိုင်ကိုကော ရောက်ရှိပါရဲ့လား။ တစ်ပါတီစနစ် အစိုးရများဟာ ပိတ်ဆို့မှုပြုရုံနဲ့ ကျဆုံးမသွားကြပါ။ သူတို့ဟာ အာဏာကို ပိုလို့တင်းကျပ်စေ့စပ်စွာ ကျင့်သုံးလာတာပဲ တွေ့ရပါတယ်။ အချို့အကျပ်အတည်းများဟာ အဲဒီအစိုးရများရဲ့ မူဝါဒမှားယွင်းအားနည်းချက်များကြောင့် ပေါ်ပေါက် လာတာဖြစ်ပါတယ်။ ဒါပေမယ့် ပြည်တွင်း အခက်အခဲမှန်သမျှကို နိုင်ငံခြားအပေါ်မှာပဲ အပြစ်ပုံချဖို့အခွင့်အလမ်း ရသွားစေပါတယ်။ စီးပွားရေးပိတ်ဆို့မှုဟာ ဆိုင်ရာနိုင်ငံရဲ့ စီးပွားရေး၊ လူထုကျန်းမာရေးတွေကို ထိခိုက်စေတာမှန်ပေမယ့် တစ်ပါတီစနစ်အစိုးရများပြုတ်ကျရေးကိုတော့ ဖြစ်ပေါ်စေနိုင်မယ် မဟုတ်ပါ။ စီးပွားရေးပိတ်ဆို့မှုများဟာ နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်စေပြီး အစိုးရကိုအားနည်းစေကာ အခွန်ကောက်ခံရရှိမှု လျော့ပါးစေပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ အဲဒီလိုပိတ်ဆို့မှုကြောင့် အတိုက်အခံများအပေါ် လူထုရဲ့ ငွေကြေးထောက်ပံ့နိုင်မှုလဲ လျော့ပါးလာစေပါတယ်။ ပြည်တွင်းအတိုက်အခံများကို နိုင်ငံတကာအားပေးမှုနဲ့ အဆက်အသွယ်ပြတ်သွားစေပြီး ပြည်တွင်းအခြေအနေများအပေါ် နိုင်ငံတကာရဲ့ စောင့်ကြည့်နိုင်မှု လျော့ပါးသွားစေတယ်။

မြန်မာအစိုးရကို ဆန့်ကျင်သပိတ်မှောက်တာဟာ လွယ်ကူပေမယ့် နိုင်ငံရေး အပြောင်းအလဲဖြစ်အောင် လုပ်ဖို့ကတော့ မလွယ်ကူပါဘူး။ မြန်မာ့ စီးပွားရေးကို ရေနည်းငါးသဖွယ် လုံးပါးပါးအောင်လုပ်တာဟာ နိုင်ငံရေး အပြောင်းအလဲ ဖြစ်မလာစေဘဲ လူထုကိုသာ ပိုမိုဒုက္ခပင်လယ်ဝေလာစေမှာ ဖြစ်ပါတယ်။ စီးပွားရေးပိတ်ဆို့မှုကျင့်သုံးတဲ့ နိုင်ငံကြီးများဟာ အဲဒီလိုရည်ရွယ်တာ မဟုတ်ပေမယ့် ပေါ်ပေါက်လာတဲ့ အကျိုးဆက်က ဆိုးရွားလာပြီဖြစ်တော့ ဒီနိုင်ငံကြီးများလဲ တာဝန်မကင်းဖြစ်ကြရတာပါပဲ။

၉-၁၀-၂၀၀၃ ရက်နေ့ထုတ် အင်တာနေရှင်နယ် ဟာရယ်ထရီဗျူန်း သတင်းစာတွင် ဂျွန်ဟောကင်းတက္ကသိုလ် အဆင့်မြင့်နိုင်ငံတကာ ဆက်ဆံရေး ပညာဌာန အရှေ့တောင်အာရှဆိုင်ရာ လက်ထောက်ပါမောက္ခ ဘရစ်ဂက်ဝဲလ်ရဲ့ စီးပွားရေးပိတ်ဆို့မှုများဟာ မြန်မာနိုင်ငံကို ပိုမိုဆင်းရဲမွဲပြာကျမှုသာ ဖြစ်စေပါလိမ့်မယ် (Sanctions Worsen Burmese Poverty) ဆောင်းပါးဖော်ပြချက်မှာ–

> ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက မြန်မာအပေါ် ပိတ်ဆို့အရေးယူတဲ့ ဥပဒေကို လက်မှတ်ထိုးပြဋ္ဌာန်းလိုက်ခြင်းဖြင့် အမေရိကန်သမ္မတဟာ မေလအတွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်အပေါ် ထိန်းသိမ်းခဲ့မှုနဲ့ ပတ်သက်ပြီး ပြင်းထန်စွာ ကန့်ကွက်လိုက်တာပဲဖြစ်တယ်။ ဒါပေမယ့် အဆိုပါ အရေးယူမှုများဟာ မြန်မာလူထုကြုံတွေ့နေရတဲ့ လူမှုဒုက္ခတွေကို ပိုမိုသက်ဆိုးရှည် စေမယ့် လက်တွေ့အကျိုးဆက်ကိုသာ ဖြစ်စေပါလိမ့်မယ်။
>
> မြန်မာ့တပ်မတော် ခေါင်းဆောင်များကို ဖိအားပေးလိုက်ရင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရလိမ့်မယ်။ ထိုမှတစ်ဆင့် ဒီမိုကရေစီ ပိုမိုထွန်းကားရေးနဲ့ အစိုးရပြောင်းလဲရေးတွေအထိ ပေါက်မြောက်သွားနိုင်တယ်လို့ အမေရိကန် မူဝါဒချမှတ်သူများက ယူဆနေကြပါတယ်။ ဒါဟာ မှားယွင်းတဲ့အယူအဆသာ ဖြစ်ပါတယ်။ ခေါင်းဆောင်များက ဒီမိုကရေစီကို မဖန်တီးနိုင်ပါ။ လူထုကသာ ဖန်တီးနိုင်ပါတယ်။ (Leaders do not make democracy people do) ဗလငါးတန်ချို့တဲ့နေတဲ့လူထုဟာ ဒီမိုကရေစီ ထွန်းကားရေးကို ထောက်ကူနိုင်စွမ်းရှိမည် မဟုတ်ပါ။
>
> ကုန်သွယ်ရေးပိတ်ဆို့လိုက်တဲ့ အမေရိကန်ဥပဒေအသစ်ကြောင့် မြန်မာအဖို့ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၅၆သန်း ဆုံးရှုံးနိုင်စရာရှိပြီး ဆိုးကျိုးတွေကိုသာ ဖြစ်စေပါလိမ့်မယ်။ တစ်ရက်မှာ အမေရိကန်သုံးငွေဆင့်၃၀လောက်သာ ရနေတဲ့ အထည်ချုပ်လုပ်သားတွေ အလုပ်လက်မဲ့ဖြစ်ကုန်လိမ့်မယ်။ မိမိတို့ဒေသမှ ထွက်ခွာပြီး ရေကြည်ရာမြက်နုရာ အလုပ်အကိုင်ရှာဖွေလာကြတဲ့ အမျိုးသမီးငယ် ကလေးများဟာ မိမိခန္ဓာကိုယ်နဲ့ရင်းပြီး ငွေကြေးရှာဖွေတဲ့ အလုပ်တွေ အပါအဝင် ကြုံရာကျပန်း လုပ်ကိုင်စားသောက်ကြရပါတော့မယ်။ အလုပ်လက်မဲ့ဦးရေကြီးထွားလာရင် တည်ဆဲလူနေမှုအဆင့် နိမ့်ကျနေမှုဟာ ဒယ်အိုးထဲကနေ မီးပုံထဲကျသလို အခြေအနေ ပိုမိုဆိုးရွားသွားနိုင်ပါတယ်။ စီးပွားရေးပိတ်ဆို့မှုရဲ့ ဂယက်တွေဟာ နိုင်ငံနေရာဒေသအားလုံးသို့ ရိုက်ခတ်ရောက်ရှိသွားနိုင်ပါတယ်။

၂၀၀၄ခုနှစ် မတ်လ ၂၅ရက်နေ့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှာကျင်းပတဲ့ အမေရိကန်နဲ့ မြန်မာနိုင်ငံတို့ရဲ့ ဆက်ဆံရေးကို ပြန်လည်သုံးသပ်ခြင်း ဟောပြောပွဲမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး နှစ်ပေါင်းသုံးလေးဆယ် လေ့လာကျွမ်းကျင်ခဲ့ကြတဲ့ အမေရိကန်ပါမောက္ခဟောင်း ဂျွန်ဘက်ဂျ်လေ၊ ဂျော့ဂျ်တောင်းတက္ကသိုလ်ပါမောက္ခဒေးဗစ်စတိုင်းဘတ်၊ ဗြိတိသျှပါမောက္ခဟောင်း ရောဘတ်တေလာ၊ စင်ကာပူတက္ကသိုလ် နိုင်ငံရေးပညာ လက်ထောက်ပါမောက္ခ ဦးကျော်ရင်လှိုင်၊ အင်တာနေရှင်နယ် ခရိုက်ဆစ်(စ်)ဂရု(ပ်)မှ အထက်တန်းဝေဖန်ဆန်းစစ်သူ မော်တင်ပီတာဆင်းတို့ရဲ့ ဟောပြောချက်များမှာ–

ပထမဦးစွာ ပါမောက္ခဟောင်း ဂျွန်ဘက်ဂျ်လေက–

> **"ယခု မြန်မာစစ်အစိုးရဟာ သဘောထားပြောင်းလဲလာတယ်လို့ မိမိထင်မြင်ပြီး ပိတ်ပင်မှုချမှတ်တာဟာ မြန်မာနိုင်ငံအတွက် ချမှတ်ပေးမယ့်အစား အမေရိကန်အကျိုးစီးပွားတွေကို ကြည့်ပြီး လုပ်ဆောင်သင့်ကြောင်း၊ အထူးသဖြင့် အမေရိကန်ရဲ့ မဟာဗျူဟာ အကျိုးစီးပွားကို အရေးတကြီးထားသင့်တဲ့အတွက် အမေရိကန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံသားတွေဟာ မလိုအပ်ဘဲ ရန်သူတွေမတိုးလိုပါ။ မလိုအပ်ဘဲ မြန်မာနိုင်ငံကိုလဲ ရန်သူလိုပင်ထားတော့ မြန်မာနိုင်ငံမှာ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုမရှိဘဲ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေက စီးပွားရေးခြေသွက်နေတာကို အမေရိကန်နိုင်ငံအနေနဲ့ စိုးရိမ်သင့်တဲ့အကြောင်း"**

ဝေဖန်ပြောကြားခဲ့တယ်။

စင်ကာပူတက္ကသိုလ် နိုင်ငံရေးပညာလက်ထောက်ပါမောက္ခ ဦးကျော်ရင်လှိုင်က–

> **"မိမိပြောချင်တာကတော့ ပိတ်ပင်မှုဟာ အလုပ်မဖြစ်တဲ့အပြင် မြန်မာနိုင်ငံကို အထောက်အကူမပြုဘဲ အခြေအနေကို ပိုပြီးဆိုးရွားစေပါတယ်။ ပိတ်ပင်မှုဟာ အစိုးရကို မထိခိုက်ဘူးလို့ မပြောနိုင်ပေမယ့် လူထုကို ပိုမိုထိခိုက်တဲ့အကြောင်း၊ ပိတ်ပင်မှုကို ထောက်ခံသူတွေအနေနဲ့ ဒီလူထုကို ထိခိုက်တာဟာ ရောပါသွားတာ၊ မတော်တဆဖြစ်သွားကြတာလို့ ပြောနိုင်ကြပေမယ့် အဲဒီလိုကြားထဲမှာ ရောပါသွားတဲ့လူထုဟာ မိမိတို့ရဲ့မိတ်ဆွေတွေ၊ မိသားစုဝင်တွေ၊ ဆွေမျိုးတွေ၊ နိုင်ငံသားတွေဖြစ်တဲ့အတွက် သူတို့ပြောတာကို ကြားရရင်ဖြစ်ဖြစ်၊ ကြားခွင့် ရရင်ဖြစ်ဖြစ် အခုလိုပိတ်ပင်မှုတွေကို ထောက်ခံလိုစိတ်ရှိမှာ မဟုတ်တဲ့အကြောင်း"**

မြန်မာနိုင်ငံသားတစ်ဦးရဲ့ ခံစားချက်ဖြင့် ဟောပြောသွားခဲ့တယ်။

ဂျော့ဂျ်တောင်းတက္ကသိုလ် ပါမောက္ခဒေးဗစ်စတိုင်းဘတ်ကလဲ–

> **"အမေရိကန် အစိုးရက မြန်မာစစ်အစိုးရရဲ့ကောင်းကွက်တွေကို အသိအမှတ်ပြု ပြောကြားခြင်းမရှိသလို အခြေခံအဆောက်အအုံတွေ တည်ဆောက်တာ၊ အပစ်အခတ်ရပ်စဲမှု တွေလုပ်တာ၊ ဘိန်းစိုက်ပျိုးမှုကို လျှော့ချနိုင်ခဲ့တာတွေကို အမေရိကန် အစိုးရက တရားဝင်ပြောဆိုခြင်း မရှိခဲ့ကြောင်း၊ အထက်လွှတ်တော်အမတ် မက်ကော်နယ် ပြောသလို ပိတ်ပင်မှုချမှတ်ရတာဟာ မြန်မာစစ်အစိုးရ ပြောင်းလဲရေးအတွက် အကြောင်းရင်းဖြစ်တယ်လို့ ဆိုပေမယ့် ပိတ်ပင်မှုဟာ စစ်အစိုးရ ပြောင်းလဲသွားမယ်လို့ မထင်တဲ့အကြောင်း တကယ်က စစ်အစိုးရကို ကမ္ဘာ့နိုင်ငံတွေနဲ့ ပိုမိုထိတွေ့ဆက်ဆံလာအောင် လုပ်ရမယ့်အစား ကျွန်တော်တို့ အမေရိကန်နိုင်ငံက အထီးကျန်အောင်လုပ်နေတယ်။ အမေရိကန်အစိုးရအဆက်ဆက်က မြောက်ကိုရီးယားကို ပိုမိုဆက်ဆံလာအောင်လုပ်ပြီး အပြောင်းအလဲဖြစ်အောင်လုပ်ဖို့ ကြိုးစားနေသလိုပဲ မြန်မာနိုင်ငံကိုလဲ အလားတူဆက်ဆံရမှာ ဖြစ်တဲ့အကြောင်း၊ ဒီပိတ်ပင်မှုဟာ အမေရိကန်ရဲ့ အကျိုးစီးပွားကိုလဲ ထိခိုက်စေတယ်လို့ ထင်ကြောင်း"**

ဟောပြောခဲ့တယ်။

လန်ဒန်တက္ကသိုလ် နိုင်ငံရေးပါမောက္ခဟောင်းဖြစ်ပြီး စင်ကာပူ အရှေ့တောင်အာရှ လေ့လာရေးဌာန၏ သုတေသနပညာရှင် ဒေါက်တာရောဘတ်တေလာကလဲ–

> **"စစ်အစိုးရဟာ အကြီးအကျယ် ပြောင်းလဲသွားပြီး ၁၉၈၈ခုနှစ်က အာဏာယူခဲ့တဲ့ အစိုးရနဲ့ တော်တော်ကွာခြားသွားသလို၊ နိုင်ငံရေး**

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

**အခုလို နိုင်ငံတကာမှ ထိပ်တန်းပညာရှင်များကပင် မိမိတို့မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ နိုင်လိုမင်းထက် ပျက်စီးရာပျက်စီးကြောင်း စီးပွားရေး ပိတ်ဆို့နေမှုအပေါ် ဖြူစင်ဖြောင့်မှန်တဲ့ အမြင်နဲ့ ဆန့်ကျင်ပြောဆို ရေးသားဟောပြောနေပါလျက်နဲ့ မြန်မာအမျိုးသားချင်းဖြစ်တဲ့ အင်အားစုအချို့တို့က ပိတ်ပင်မှုကို အားပေးထောက်ခံနေခြင်းဟာ အမျိုးသားရေးအပေါ် လွန်စွာပင် သစ္စာမဲ့ရာရောက်ပါတယ်။ ဒီလုပ်ရပ်ဟာ အသားထဲက လောက်ဘဝကို ကျရောက်စေမယ် ဖြစ်ပါတယ်။**



ကယားပြည်နယ် လွိုင်ကော်မြို့နယ် ထေးဝှားလျားစံပြကျေးရွာ စက်ရေတွင်းဖွင့်ပွဲတွင် တိုင်းရင်းသား ပြည်သူများ ဤသို့ပါဝင်ခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

● *နိုင်ငံတော်မှ*

အခမ်းအနားတွင် အလှူရှင်များကိုယ်စား သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်ရီရီလှ(ယုဝတီခင်ဦး)က ငွေလှူဒါန်းရခြင်း အကြောင်းရင်းများကို သူမ၏ ပထမအကြိမ် လှူဒါန်းခဲ့သော စက်ရေတွင်းဖွင့်ပွဲ အတွေ့အကြုံများဖြင့် ဖွဲ့ဆိုတင်ပြသွားသည်။ သူမ၏ တင်ပြချက်များကိုနားထောင်ရင်း စာရေးသူသည် မိမိလှူဒါန်းခဲ့သောအလှူငွေဖြင့် စည်ပင်သာယာရေး ဦးစီးဌာနမှ တူးဖော်ပေးခဲ့သော မန္တလေးတိုင်း မြင်းခြံမြို့နယ် ကံဦးကျေးရွာ စက်ရေတွင်းဖွင့်ပွဲသို့ ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့ပုံများကို ပြန်လည်မြင်ယောင်လာမိခဲ့သည်။

**ခေတ်မီတွင်းတူးစက်**

စည်ပင်သာယာရေးဦးစီးဌာနသည် အလှူရှင်များ လှူဒါန်းသောငွေများဖြင့် ရေခက်ခဲသော အပူပိုင်းဒေသ ကျေးရွာများတွင် စက်ရေတွင်းများကို တစ်တွင်းပြီးတစ်တွင်း ပေါ်ထွန်းလာစေရန် ခေတ်မီတွင်းတူးစက်ကြီးများဖြင့် အားကြိုးမာန်တက် တူးဖော်ပေးခဲ့သည်။ ထို့အပြင် အလှူရှင်များ ဝမ်းသာကြည်နူးမှုဖြစ်ပေါ်စေရန် စက်ရေတွင်း ပြီးစီးသွားပါကလည်း စက်ရေတွင်းရှိသည့် ကျေးရွာအမည်၊ တွင်းအနက်ပေ၊ ရေထွက်နှုန်း၊ ရေအမျိုးအစားများဖော်ပြ၍ အလှူရှင်များကိုယ်တိုင် သွားရောက်ဖွင့်လှစ်ပေးလိုပါက စီစဉ်ဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း အကြောင်းကြားပေးလေ့ရှိသည်။

**အချိန်မရွေး**

စာရေးသူတို့ ယခင်အကြိမ်ငွေလှူဒါန်းပြီး သုံးလအကြာတွင် စည်ပင်သာယာရေး ဦးစီးဌာနမှ ဖော်ပြပါ အကြောင်းကြားစာရရှိခဲ့ရာ တစ်သက်တွင် တစ်ခါကြုံတောင့်ကြုံခဲ ထိုစက်ရေတွင်းဖွင့်ပွဲသို့ ကိုယ်တိုင်ဆင်နွှဲကြရန် မိသားစုတို့ စီစဉ်သွားရောက်ခဲ့ကြသည်။ စည်ပင်သာယာရေး ဦးစီးဌာန၏ လိုလေသေးမရှိအောင် စီစဉ်ပေးမှုကြောင့် မြင်းခြံမြို့နယ်ရှိ ကံဦးကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို အလှူရှင်အနေဖြင့် ကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့ရသည်။ ယခင်က ရေတစ်အိုးရရှိရန် ရွာနှင့် သုံး၊ လေးမိုင်ကွာဝေးသောနေရာသို့ အချိန်ကုန်၊ အလုပ်ပျက်၊ အကိုင်ပျက် ပင်ပန်းကြီးစွာ သွားရောက် ခပ်ယူနေကြရာမှ ယခုတော့ မိမိကျေးရွာအတွင်း အချိန်မရွေး စက်မောင်းနှင့်ပြီး ရေထုတ်ယူသုံးစွဲနိုင်သဖြင့် ရေရရှိရေး အခက်အခဲမှ ကျော်လွှားနိုင်ခဲ့ကြသော ကျေးရွာသူကျေးရွာသားတို့၏ ပြုံးရွှင်သောမျက်နှာများ၊ မြေအောက်ရေကို တစ်သက်တာ မမြင်ဖူးရဘဲ ကွယ်လွန်သွားခဲ့ရှာသည့် မိမိ၏ခင်ပွန်းကို လွမ်းဆွတ်တသနေသော အဘွားအို၏မျက်ရည်စများကို မြင်တွေ့ရသည့်အခါ စာရေးသူအဖို့ ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရပါသည်။

**အမြော်အမြင်ကြီးမားစွာ**

အပူပိုင်းဒေသ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် ဖော်ပြပါကဲ့သို့ ရေရရှိရေး အခက်အခဲရှိနေသော ကျေးရွာ ၈၀၄၂ ရွာရှိသည်။ ယင်းကျေးရွာများ မြန်မြန်ထက်ထက် ရေရရှိရေး ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေများဖြင့် ဆောင်ရွက်ခြင်းအပြင် နိုင်ငံတစ်ဝန်းလုံးရှိ သဒ္ဓါတရားထက်သန်သော အလှူရှင်များ၏ အလှူငွေများကိုပါ ပေါင်းစပ်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာ လမ်းညွှန်ခဲ့သည်။

**တူးဖော်ပြီး**

ထို့ကြောင့် ပထမအကြိမ်မှ သတ္တမအကြိမ်အထိ အလှူရှင် ၁၀၃၉ ဦးတို့က ၈၁၂ ဒသမ ၈၀၃၈ သိန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂၊ ယူရိုငွေ ၂၇၀နှင့် အက်ဖ်အီးစီ ၁၀၀၁၂ တို့ လှူဒါန်းခဲ့ရာ အဆိုပါငွေများဖြင့် စက်ရေတွင်းပေါင်း ၁၄၀၉ တွင်း တူးဖော်ပေးခဲ့သည်။ ယခုစာရေးသူတို့ တက်ရောက်နေသော အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်၁၆၄ဦးတို့က အလှူငွေ ၁၂၀၈ ဒသမ၅၂၀၃ သိန်း၊ အမေရိကန်ဒေါ်လာ၅၀၀နှင့် ယူရို၅၀၀ တို့ လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းငွေများအနက် ကျပ်သိန်း ၇၀၈ ဒသမ ၃၁၈၅ ဖြင့် စက်ရေတွင်း ၈၀ ကို ကြိုတင်တူးဖော်လျက်ရှိရာ ၃၁ တွင်း တူးဖော်ပြီးဖြစ်ကြောင်း သတင်းစကား ကြားသိရသည်။

**စိတ်ချမ်းမြေ့စရာကောင်း**

ဤမျှကြီးမားသော အလှူငွေပမာဏဖြင့် စက်ရေတွင်းပေါင်း ၁၄၀၀ ကျော်တူးဖော်လှူဒါန်းပေးနိုင်ခြင်းမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်း စွမ်းဆောင်နိုင်သော လုပ်ငန်းပမာဏမဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ အားပေးဖြည့်ဆည်းပေးမှုကြောင့် ပေါ်ထွန်းလာသော လုပ်ငန်းစီမံကိန်းကြီး ဖြစ်သည်။ အလှူရှင်များအနေဖြင့် မည်သည့်နေရာမှာ ရေတွင်းတူးသင့်သလဲ၊ စဉ်းစားစရာမလို ဝန်ကြီးဌာနက ကြိုတင်လေ့လာစာရင်းပြုစုထားပြီး အမှန်တကယ်လိုအပ်သည့် ကျေးရွာများကို ရွေးပေးသည်။ ရေတွင်းတူးဖော်ရန် အလှူရှင်ကိုယ်တိုင် တွင်းတူးစက်ကြီးများ ရှာဖွေအလုပ်အပ်နေစရာမလို၊ မြေအောက်ပေ ၂၀၀မှ ပေ ၁၀၀၀ ကျော်အထိ တူးဖော်နိုင်သော ခေတ်မီတွင်းတူးစက်အမျိုးမျိုး စည်ပင်သာယာရေး ဦးစီးဌာနတွင် အသင့်ရှိနေသည်။ မြေအောက်တိုင်းတာ စက်များဖြင့် တူးဖော်လိုသည့် နေရာကို စမ်းသပ်စစ်ဆေးပြီး ရေရရှိနိုင်သည့် အနက်ပေ အလိုက်သင့်တော်သည့် တွင်းတူးစက်ကြီးများကို အသုံးပြုတူးဖော်ပေးလျက်ရှိသည်။ ရေတွင်းပြီးစီးသွားပါကလည်း လိုအပ်သော ရေစုပ်စက်၊ ရေကန်များ ဆောက်လုပ်ပေးသည့်အပြင် အလှူရှင်၏ အမည်၊ နေရပ်လိပ်စာနှင့် လှူဒါန်းငွေများကိုလည်း ကမ္ပည်းကျောက်စာ ရေးထိုးမှတ်တမ်းတင်ပေးသည်။ မိမိတို့က တတ်စွမ်းနိုင်သမျှ အလှူငွေထည့်ဝင်ပေးအပ်လိုက်ရုံမျှဖြင့် အမှန်တကယ်ရေလိုအပ်နေသော ကျေးရွာများတွင် ပြီးပြည့်စုံသော စက်ရေတွင်းများ နေ့ချင်း၊ ညချင်း အစီအရီပေါ်ထွန်းလာစေသော အလှူဒါနလောက် စိတ်ချမ်းမြေ့စရာ ကောင်းသောအလှူ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

ထို့ကြောင့် စာရေးသူအဖို့ အဋ္ဌမအကြိမ်မြောက် ရေအလှူငွေပေးအပ်ပွဲ မပြီးဆုံးမီမှာပင် ဆန္ဒပြုဆုတောင်းလိုက်မိသည်မှာ-

**"တစ်ကြိမ်၊နှစ်ကြိမ်မက အကြိမ်တစ်ရာအထိပင် စိတ်ဆန္ဒရှိတိုင်း အတိုင်းအဆမရှိ လှူဒါန်းနိုင်သော ရေအလှူရှင် ဖြစ်ရပါလို၏"** ဟူ၍သာ...။ ။ **(မြန်မာ့အလင်း)**

ဒေသခံကျေးလက်ပြည်သူများအတွက် ကျောက်ပန်းတောင်းမြို့နယ် ရုံးကျေးရွာ၌ ဤသို့ စက်ရေတွင်း တူးဖော်ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

**အကွက်တွေ အများကြီးမြင်တဲ့အပြင် အများကြီး တတ်မြောက်လာခဲ့ကြောင်း၊ အခြေအနေ အရပ်ရပ်ကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်ပြီး နိုင်ငံကို အုပ်ချုပ်ရာမှာ အခက်အခဲတွေကြားက မှတ်လောက်သားလောက်အောင် အပြောင်းအလဲတွေ လုပ်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် စစ်အစိုးရဟာ ပြည်တွင်းရေးနှင့် အပြည်ပြည်ဆိုင်ရာတွေမှာ ဖြေရှင်းနိုင်စွမ်းရှိပြီး အပစ်အခတ်ရပ်စဲရေး ကိစ္စတွေကို လုပ်နိုင်ခဲ့တဲ့အကြောင်း"**

ပြောသွားခဲ့တယ်။

အင်တာနေရှင်နယ် ခရိုက်ဆစ်(စ်)ဂရု(ပ်)မှ မော်တင်ပီတာဆင်က-

**"စစ်အစိုးရဟာ အရင်ကထက် ပိုမိုခိုင်မာပြီး ပိတ်ပင်မှုနှင့် ဖြုတ်ချလို့ မရသလို ဒီမိုကရေစီထူထောင်ရာမှာ ပါတီအဖွဲ့အစည်းတွေကလဲ အားနည်းလှကြောင်း"**

ဟောပြောပြီးနောက် ဒေါက်တာဂျွန်ဘက်ရှ်လေက-

**"မိမိတို့ ဟောပြောသူအားလုံး သဘောတူညီထားတဲ့အချက်က မြန်မာနိုင်ငံမှာ မကြာခင် အမျိုးသားညီလာခံ ကျင်းပဖြစ်ဖို့နဲ့ ရွေးကောက်ပွဲ တစ်မျိုးမျိုးကျင်းပဖို့ အလားအလာများတဲ့အကြောင်း"**

နိဂုံးချုပ် သုံးသပ်ဟောပြောခဲ့တယ်။

**အခုလို နိုင်ငံတကာမှ ထိပ်တန်းပညာရှင်များကပင် မိမိတို့မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ နိုင်လိုမင်းထက် ပျက်စီးရာပျက်စီးကြောင်း စီးပွားရေး ပိတ်ဆို့နေမှုအပေါ် ဖြူစင်ဖြောင့်မှန်တဲ့ အမြင်နဲ့ ဆန့်ကျင်ပြောဆို ရေးသားဟောပြောနေပါလျက်နဲ့ မြန်မာအမျိုးသားချင်းဖြစ်တဲ့ အင်အားစုအချို့တို့က ပိတ်ပင်မှုကို အားပေးထောက်ခံနေခြင်းဟာ အမျိုးသားရေးအပေါ် လွန်စွာပင် သစ္စာမဲ့ရာ ရောက်ပါတယ်။ ဒီလုပ်ရပ်ဟာ အသားထဲက လောက်ဘဝကို ကျရောက်စေမယ်ဖြစ်ပါတယ်။**

ဒါကြောင့် ဒီအပေါ် သတိသံဝေဂရယူဆင်ခြင်ပြီး တစ်မျိုးသားလုံး ပြန်လည်သင့်မြတ် စည်းလုံးစွာ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေး သမိုင်းပေးတာဝန်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် **မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူမှုအပေါ် လက်မခံတဲ့ ကမ္ဘာ့ထိပ်တန်းပညာရှင်များရဲ့** သမာသမတ်လမ်းစဉ် ကမ္ဘာမှာ ထွန်းကားအောင်မြင်လာအောင် ကြိုးပမ်းသွားဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

■ *ကျောဖုံးမှ*

တာဝန်ရှိသူများ၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ အမှုဆောင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ညွှန်ကြားရေးမှူးဦးကျော်စိုးမြင့်(အားကစားနှင့် ကာယပညာဦးစီးဌာန)ကခေါင်းဆောင်ပြီး အဖွဲ့ဆရာဝန်အဖြစ် ဒေါက်တာအုပ်စိုးဦး(လက်ထောက်ဆရာဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန)ကဆောင်ရွက်မည်ဖြစ်သည်။

ပြေးခုန်ပစ်အားကစားအဖွဲ့တွင် အုပ်ချုပ်သူနည်းပြအဖြစ် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်အမှုဆောင် ဦးခင်မောင်သန်းကလည်းကောင်း၊ အားကစားသမားများမှာ ရဲတပ်ကြပ်ကြီးအောင်သီဟ(ပြည်ထဲရေး)နှင့် ဖြူဝါသက်(စက်မှု-၁)တို့ ပါဝင်ကြသည်။

ပိုက်ကျော်ခြင်းအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဝင်း(ILBC)ကလည်းကောင်း၊ အမျိုးသားနည်းပြအဖြစ် ဦးရွှေဝင်း(လယ်/ဆည်)နှင့် လက်ထောက်နည်းပြအဖြစ် တပ်ကြပ်သန်းဇော်ဦး(ကာကွယ်ရေးဝန်ကြီးဌာန)ကဆောင်ရွက်ပြီး အမျိုးသားအားကစားသမားများမှာ ရာဇာထွန်း၊ ကျော်ကျော်အောင်၊ အောင်မျိုးသွင်၊ စည်သူလင်းနှင့် ဇော်ဇော်အောင်တို့ ပါဝင်ကြသည်။

အမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့တွင် နည်းပြအဖြစ် ဒေါ်စိုးဆင့်ဆင့်အောင်(ရန်ကုန်မြို့တော်စည်ပင်)နှင့် လက်ထောက်နည်းပြတပ်ကြပ် ဇင်မာထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)ကဆောင်ရွက်ပြီး အမျိုးသမီးအားကစားသမားများမှာ ပြည်ထဲရေးဝန်ကြီးဌာနမှ အိသဥ္ဇာနှင့် ခင်အေးမော်၊ ရန်ကုန်မြို့တော်စည်ပင်မှ နိုင်နိုင်ဝင်း၊ ယဉ်မျိုးဝေနှင့် ရီစိုးလှိုင်တို့ပါဝင်ကြသည်။

မြန်မာလှေလှော်အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးသီရိဦး(ဒုလက်ထောက်ညွှန်ကြားရေးမှူး၊စက်မှု-၂)က ဆောင်ရွက်ပြီး နည်းပြအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုအရာခံဗိုလ်ဝင်းဖေက ဆောင်ရွက်မည်ဖြစ်သည်။ အမျိုးသားလှေလှော်အားကစားသမားများမှာ ရန်ပိုင်၊ သန့်ဇင်နှင့်အောင်လွင်စိုး၊ အမျိုးသမီး လှေလှော်အားကစားသမားများမှာ နော်အားလယ်လားရီး၊ မြင့်မြင့်သန်းနှင့် သင်းသင်းကြူတို့ ပါဝင်ကြသည်။

မြန်မာဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် အငယ်တန်းအင်ဂျင်နီယာ ဦးဆန်းဝင်း(ဆောက်လုပ်ရေး)က ဆောင်ရွက်ပြီး၊ နည်းပြအဖြစ်ဦးစိုးမိုး(စီးပွား/ကူးသန်း)၊ လက်ထောက်နည်းပြအဖြစ်ဦးချစ်နိုင်(အား/ကာ)ကဆောင်ရွက်ပြီး ဘောလုံးအားကစားသမားများမှာ ဂိုး-ကျော်ဇင်ထက်(အား/ကာသိပ္ပံ၊ရန်ကုန်)နှင့် ဇော်လင်းအောင်(ကမ္ဘောဇ)၊ နောက်တန်းကစားသမားများမှာ သီဟလွင်(တံခွန်)၊ ညီညီဝင်း(တံခွန်)၊ ဇော်ခါး(စက်မှု-၁)၊ အောင်ဆန်းဦး(ကမ္ဘောဇ)၊ မျိုးဝင်းထွဋ်(ဆောက်လုပ်ရေး)နှင့် မျိုးဇော်ထွန်း(စီးပွားကူးသန်း-က)၊ အလယ်တန်းကစားသမားများအဖြစ် အောင်မိုး(တံခွန်)၊ နေဇော်ထက်(တံခွန်)၊ ချမ်းမြေ့မော်(စက်မှု-၁)၊ ထွန်းလင်းအောင်(ဆောက်လုပ်ရေး)၊ ရာဇာဝင်းသိန်း(စီးပွားကူးသန်း-ခ)နှင့် စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ ရှေ့တန်းကစားသမားများမှာ စိုးမင်းဦး(တံခွန်)၊ ဟိန်းဇာထွန်း(တံခွန်)၊ စည်သူသန်း(ဆောက်လုပ်ရေး)နှင့် မင်းမင်းထွန်း(စက်မှု-၁)တို့ ပါဝင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ မဲခေါင်ဒေသနိုင်ငံများဖြစ်သည့် အိမ်ရှင် ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ အားကစားအဖွဲ့များ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် မဲခေါင်ဒေသများအတွင်း ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှု သက်ဝင်ဆက်နွယ်မှုများ ပိုမိုတိုးမြှင့်စေရန်ရည်ရွယ်၍ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

# ကျိုက်မရောအထက(၁) အာစရိယပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

ကျိုက်မရောအထက(၁)တွင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် ဆရာဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း ပညာ့အားမာန်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်ကြသည့် ဦးမြင့်ရွှေ ဖုန်း-၇၂၄၉၁၃၊ ဦးရွှေမြ ဖုန်း-၇၀၃၀၉၂၊ ဦးရဲမြင့် ဖုန်း-၂၁၂၁၈၅၊ ဦးမြငြိမ်း ဖုန်း-၇၀၅၈၁၅၊ ဒေါ်ခင်စောမြင့် ဖုန်း- ၀၅၇-၂၄၃၉၅နှင့် ဒေါ်ချစ်ချစ်ကြည် ကျောင်းအုပ် အထက(၁)ကျိုက်မရောတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် စက်တင်ဘာလဂေါက်ရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း(၉)မိုင်၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် စည်ပင်သာယာရေးလုပ်ငန်းများစစ်ဆေး စံချိန်စံညွှန်းနှင့်အညီ ပွင့်လင်းရာသီ၌လုပ်ငန်းဆောင်ရွက်မှုပြီးစီးရန်မှာကြား

ရန်ကုန် စက်တင်ဘာ ၂၂

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိသည်။**

ရှေးဦးစွာ ဝန်ကြီးအား ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မြို့သာယာလှပရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရန်ကုန်–မန္တလေး လမ်းမကြီး ဘေးဝဲ/ယာတစ်လျှောက် ပန်းအလှပင်များဖြစ်သည့် နွယ်သာကီ၊ စိန်တံချူ၊ စက္ကူပန်းနှင့် ပန်းအိပင်များကို ၁၂လရာသီကာလပတ်လုံး လှပစွာ ပွင့်ဖူးစေရန် ဆောင်ရွက်နိုင်ရေး၊ ပျိုးဥယျာဉ်၌ ပျိုးထောင်ထားရန်နှင့် မြို့သာယာလှပရေးကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ နံနက် ၁၁ နာရီတွင်ရောက်ရှိရာ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ **(ယာပုံ)**က မြို့သာယာလှပရေး အစီအစဉ်များနှင့် စစ်တောင်းမြစ် ပတ်ဝန်းကျင်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော ဖြူး၊ ဘန်းလောင်လမ်းနှင့် ကညွတ်ကွင်း၊ မိဿလင်လမ်းများ ကျောက်ချောလမ်း ခင်းကျင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ပွင့်လင်းရာသီ၌ ပြီးစီးရန် အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားရေး မှာကြားသည်။



**တောင်ငူမြို့**

ယင်းနောက် တောင်ငူမြို့ ကေတုရတနာခန်းမသို့မွန်းလွဲပိုင်းတွင်ရောက်ရှိရာ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မြို့အဆင့်မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်နှင့် နိုင်ငံတော်အကြီးအကဲ ခရီးစဉ် လမ်းညွှန်မှာကြားချက်လုပ်ငန်းများ၊ နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော တောင်ငူ တက္ကသိုလ်သွားလမ်း ချဲ့ထွင်ခြင်းလုပ်ငန်း၊ တက္ကသိုလ်မှ ညောင်ကိုင်းရွာသွားလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် မြို့သာယာလှပရေး ဆောင်ရွက်ရန်တို့ကို အသေးစိတ် မှာကြားသည်။

စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တပ်ကုန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးသို့သွားရောက်ပြီး မြို့ အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးသည်။

**သာယာလှပရေး**

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မြို့သာယာလှပရေးအတွက် အဆင့်မြှင့်ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြရာ ဝန်ကြီးက ရန်ကုန်–မန္တလေးလမ်းမကြီး ဝဲ/ယာရှိ စိန်ပန်းပင်များပြုပြင်ရေး၊ စက္ကူပန်းပင်၊ စိန်တံချူပန်းပင်များ ထပ်မံစိုက်ပျိုးရေး၊ မြို့သန့်ရှင်းရေးနှင့် မြို့တွင်းအဓိကလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့ ပန်းချီ၊ပန်းပုပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၂၂

**၂၀၀၅ခုနှစ် မတ်လ ၂၇ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲ ပြပွဲကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲများကို အောက်ပါစည်းကမ်းချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ ထုတ်ပြန်ကြေညာသည်။**

**အဆင့်(၆)ဆင့်ခွဲထား**

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့် (မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ)၊ မူလတန်း(အငယ်)အဆင့်(သူငယ်တန်း၊ပထမတန်း၊ဒုတိယတန်း)၊ မူလတန်း (အကြီး) အဆင့်(တတိယတန်း၊ စတုတ္ထတန်း)၊ အလယ်တန်းအဆင့် (ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း)၊ အထက်တန်းအဆင့် (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးကျောင်းများ)နှင့် အလွတ်တန်းအဆင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပန်းချီ၊ ပန်းပုကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဝါသနာရှင်၊ ပညာရှင်များ)ဟူ၍ အဆင့် (၆)ဆင့် ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

**ပန်းပုပြိုင်ပွဲ**

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့် တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့် (ပလတ်စတာ)နှင့်ပန်းပု(သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်၊ ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

**ပန်းချီပြိုင်ပွဲ**

ပန်းချီပြိုင်ပွဲ မူကြိုအဆင့်နှင့် အခြေခံပညာအဆင့်အားလုံးတွင်–

(က) ပြိုင်ပွဲဝင်ပန်းချီကား၏အရွယ်အစားမှာ အလျား လက်မ ၂၀၊ အနံ ၁၅ လက်မအရွယ်အတွင်း နှစ်သက်ရာဆေး၊ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။

(ခ) ကိုယ်တိုင်ရေးဆွဲကြောင်းနှင့် ကျောင်းလိပ်စာ၊ဆက်သွယ်ရန် နေရပ်လိပ်စာ အပြည့်အစုံဖော်ပြလျက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ စိစစ်ထောက်ခံချက်ဖြင့် စုစည်းပေးပို့ရမည်။

(ဂ) နှစ်လက်မ X နှစ်လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံ သုံးပုံနှင့်အတူ ၂၃–၂–၂၀၀၅ ရက် နောက်ဆုံးထား၍ လက်တွေ့ဖွံ့ဖြိုးမှုဌာနစု၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စုစည်းပေးပို့ရန်နှင့် ၎င်းပြိုင်ပွဲဝင်လက်ရာပန်းချီကားများအား ၁–၃–၂၀၀၅ ရက်တွင် တပ်မတော်ခန်းမသို့စုစည်းပေးပို့ရမည်။

**အလွတ်တန်းအဆင့်(ပန်းချီ)ပြိုင်ပွဲ**

(က) ပြိုင်ပွဲဝင်ပန်းချီကားများကို အလျား လက်မ ၃၀၊ အနံလက်မ ၂၀ အရွယ်အတွင်း နှစ်သက်ရာဆေး၊ စက္ကူ၊ ကင်းဗတ် နည်းစနစ်တို့ဖြင့် အသုံးပြုရေးဆွဲနိုင်သည်။

(ခ) ကိုယ်တိုင်ရေးဆွဲကြောင်းဝန်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်း၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန်နေရပ်လိပ်စာတို့ကို ဖော်ပြပါရှိရမည်။

(ဂ) နှစ်လက်မ X နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ သုံးပုံနှင့်အတူ ၁–၃–၂၀၀၅ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး(ဗဟို) အမှတ် ၁၈၇ ဗိုလ်ချုပ်ဈေးအရှေ့ ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း ၂၀၀၅ ခုနှစ် မတ် ၁ ရက်မှ ၃ရက်အတွင်း အတွင်းရေးမှူး ပန်းချီ ပန်းပုပြိုင်ပွဲ ပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

**အလွတ်တန်းအဆင့်(ပန်းပု)**

အလွတ်တန်းအဆင့်(ပန်းပု) ပလတ်စတာနှင့် အလွတ်တန်းအဆင့် (ပန်းပု)သစ်သားပြိုင်ပွဲနှစ်ရပ်စလုံးတွင်–

(က) ပြိုင်ပွဲဝင်ပန်းပုလက်ရာများသည် အမြင့် ၃၆လက်မထက် မကျော်ရ၊ အောက်ခြေပတ်လည် ၂၄ လက်မထက် မကြီးစေရ၊နှစ်သက်ရာ သစ်သား၊ ပလတ်စတာ စသည်တို့ဖြင့် ပြုလုပ်နိုင်သည်။

(ခ) ကိုယ်တိုင် ထုလုပ်ကြောင်း ဝန်ခံချက်၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် လိပ်စာ၊ ကိုယ်ရေးအကျဉ်းတို့နှင့်အတူ နှစ်လက်မ X နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပါရှိရမည်။

(ဂ) ပန်းပုရုပ်များကို နှစ်သက်ရာခေါင်းစဉ်ပေးနိုင်ပြီး ယခင်နှစ်များက ပြိုင်ပွဲပြပွဲသို့တင်သွင်းခဲ့ဖူးသည့် ရုပ်တုမဖြစ်စေရ။ ၂၀၀၅ ခုနှစ်၊ မတ် ၃ ရက်နောက်ဆုံးထား၍ အတွင်းရေးမှူး၊ ပန်းချီပန်းပုပြိုင်ပွဲ ပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်။

ပြိုင်ပွဲဝင်ပန်းချီ၊ပန်းပုအားလုံးသည် နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာကောင်း (၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန်ဖြစ်သည်။

**ပေးပို့နိုင်**

အလွတ်တန်းအဆင့်ပြိုင်ပွဲဝင် ပန်းချီ၊ပန်းပုလက်ရာများကို ၂၀၀၅ခုနှစ် မတ်လ ၁ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အမှတ် ၁၈၇ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အတွင်း အတွင်းရေးမှူး ပန်းချီ၊ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့လည်းကောင်းတိုက်ရိုက်ပေးပို့နိုင်သည်။

**ဂုဏ်ပြုပြပွဲ**

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲဝင် လက်ရာများအပြင် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတွင် ပန်းချီနှင့် ပန်းပုရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီကားနှင့်ပန်းပုရုပ်တုများကို နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန်ဖြစ်သည်။

ရှေးခေတ် မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလစသည့် တပ်မတော်၏သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲထုဆစ်နိုင်ကြသည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီကားနှင့်ပန်းပုရုပ်တုများကို ၂၀၀၅ခုနှစ် မတ်လ ၁ ရက်မှ ၅ ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့သာ တိုက်ရိုက်ပေးပို့တင်သွင်းရန်ဖြစ်သည်။ **(သတင်းစဉ်)**

# အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာရှင်းလင်းဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ရှင်းလင်းဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ တရားရုံးချုပ် မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း တက်ရောက်၍ ရှင်းလင်းဟောပြောသည်။

**တက်ရောက်**

ဟောပြောပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းရွှေနှင့် အတွင်းရေးမှူး အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ တရားသူကြီးချုပ် ဦးအောင်တိုး၏ဇနီး ဒေါ်အေးကြည်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၏ဇနီး ဒေါ်ခင်မာ၊ တရားရုံးချုပ် တရားသူကြီးများ၏ ဇနီးများ၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း တရားသူကြီး၊ တရားရုံးချုပ်နှင့် ရန်ကုန်တိုင်း အတွင်းရှိ တရားရုံးများမှ အမျိုးသမီးဝန်ထမ်းများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

**ရှင်းလင်းဟောပြော**

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက အဖွဲ့ချုပ်ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်(၇)ချက်၊ လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံး တစ်တပ်တစ်အား မိမိဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ရှင်းလင်းဟောပြောသည်။

ထို့နောက် တရားရုံးချုပ် တရားသူကြီး ဦးခင်မောင်အေး၏ဇနီး ဒေါ်ခင်နီက ကျေးဇူးတင်စကား ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၏ဇနီး ဒေါ်ခင်မာက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ တရားရုံးချုပ်ကိုယ်စား အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ဆေးတက္ကသိုလ် (၁) ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

၁၉၈၇ ခုနှစ်တွင် ပညာသင်ကြားခဲ့သောဆေးတက္ကသိုလ်(၁)ကျောင်းသားကျောင်းသူဟောင်းများ၏ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ကျင်းပမည်ဖြစ်ရာ ဆေးတက္ကသိုလ် (၁) ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်နိုင်ရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

# အကြိတ်အနယ်ရှိလာသော စီးရီးအေဘောလုံးပွဲစဉ်(၄) အေစီမီလန်၊ လာဇီယိုနှင့်အင်တာမီလန်တို့ ပွဲကျပ်များကစားရမည်

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

**ရန်ကုန် စက်တင်ဘာ ၂၂**

အကြိတ်အနယ် ရှိလာသည့် အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပလျက်ရှိနေရာ စီးရီးအေ ပွဲစဉ်(၄)အဖြစ် အသင်းကြီးများဖြစ်သော လာဇီယိုနှင့်အေစီမီလန်၊ အင်တာမီလန်နှင့်ပါးမား၊ ဂျူဗင်းတပ်နှင့် ပါလာမို၊ ဘိုလော့နာနှင့် ရိုးမားအသင်းတို့ ယခုအပတ်ပွဲစဉ်(၄) အဖြစ် စက်တင်ဘာ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## လာဇီယိုနှင့်အေစီမီလန်

စီးရီးအေထိပ်တန်းအသင်းကြီးများဖြစ်သည့် လက်ရှိချန်ပီယံအေစီမီလန်နှင့် ပြီးခဲ့သည့်နှစ် စီးရီးအေရာသီ၌ အဆင့်(၆) ရရှိခဲ့သည့် လာဇီယိုအသင်းတို့ လာဇီယိုကွင်း အိုလံပီယာကို၌ စက်တင်ဘာ၂၆ရက်တွင် ကစားရမည်ဖြစ်သည်။

အိမ်ကွင်း၌ ခြေစွမ်းထက်သော လာဇီယိုအသင်းမှာ နည်းပြဒိုမီနီကို ကာဆိုစီမံမှုကောင်းသည့်အတွက် နှစ်ပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိထားပြီး ရှုံးပွဲမရှိသေးပေ။ သို့သော် ဆမ်ဒိုးရီးယားနှင့် ပွဲတွင် လာဇီယိုတို့ ပယ်နယ်တီဖြင့်သာ အနိုင်ယူခဲ့ခြင်းဖြစ်ရာ ခြေစွမ်းအကောင်းချည်းမဟုတ်ပေ။

လာဇီယိုတွင် တိုက်စစ်မှူးဒိကာနီယို၊ ဘာစီလိုနာမှ လိုပက်စ်တို့ကို အားထားကစားနေရရာ ယခင်နှစ်ကထက် ခြေစွမ်းမကောင်းသော်လည်း အိမ်ကွင်း၌ အေစီမီလန်တို့ကို ခြေရည်တူကစားနိုင်မည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က လာဇီယိုနှင့်အေစီမီလန်တို့ ကစားခဲ့ကြရာတွင် အေစီမီလန်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားဖူးသည့် ပူပူနွေးနွေးရလဒ်ရှိနေသည်။

လက်ရှိချန်ပီယံ အေစီမီလန်မှာ ခြေစွမ်းထက်မြက်ဆဲဖြစ်သော်လည်း ပထမပွဲစဉ်တွင် အိမ်ကွင်း၌ လီဗော်နိုကို နှစ်ဂိုးစီသရေကျထားသည်မှာ ချန်ပီယံဂုဏ်သိက္ခာ ထိခိုက်လျက်ရှိသည်။ ပွဲစဉ်(၂)၌ အဝေးကွင်းတွင် ဘိုလော့နာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် မျက်နှာပန်းလှခဲ့သော်လည်း ယခုပွဲလာဇီယိုကွင်း၌ ကစားရမည်ဖြစ်ရာ သတိကြီးစွာထားပြီး ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အေစီမီလန်တွင် ဒါရိုဆို၊ စတမ်း၊ ခရက်စပိုတို့ကို အားဖြည့်ထားရာ အသင်းလိုက်တောင့်တင်းခိုင်မာနေပြီး ရှေ့နောက်လယ် ဟာကွက်မရှိအောင် နည်းပြအန်ဆမ်လော့တီက စီမံထားသည်။

အေစီမီလန်တို့ ပုံမှန်ခြေစွမ်းပြန်ရနေပြီဖြစ်သဖြင့် အဝေးကွင်းတွင်ဖြစ်သော်လည်း လာဇီယိုကို အနိုင်ကစားမည်ဖြစ်ရာ ဂိုးတော့ပြတ်မည်မဟုတ်ပေ။ အိမ်ကွင်းခြေစွမ်းပြနိုင်သည့် လာဇီယိုနှင့် အဝေးကွင်းရလဒ်ကောင်းသော အေစီမီလန်တို့ အနိုင်ရရေး အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပွဲကြီးပွဲကောင်းတစ်ခုဖြစ်မည်မှာ သေချာနေသည်။

## အင်တာမီလန်နှင့်ပါးမား

ပြီးခဲ့သည့်နှစ်စီးရီးအေ၌ အဆင့်(၄)နှင့် ကျေနပ်ခဲ့ရသည့် အင်တာမီလန်တို့ ယခုနှစ်တွင် ချန်ပီယံဖလားယူမည်ဟု နည်းပြမန်ချီနီက ကြုံးဝါးထားရာ နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံး သရေကျခဲ့သဖြင့် မျက်နှာမလှဖြစ်နေသည်။

အိမ်ကွင်းရလဒ်မကောင်းသည့် အင်တာမီလန်တို့ ယခုပွဲတွင်လည်း မိမိကွင်း ဆမ်စီရို၌ပင် ကစားရမည်ဖြစ်ရာ ပါးမားကိုအနိုင်ကစားမှဖြစ်တော့မည်။ နိုင်ပွဲဝေးနေသည့်အတွက် ပါးမားကို အိမ်ကွင်း၌အနိုင်ကစားရန်မှာလည်း အဂ္ဂါဒေးဗစ်၊ မီဟိုင်းလိုဗစ်၊ ဗီရွန်၊ ဇီးမာရီယာတို့ ခြေစွမ်းပြကစားနိုင်ပါမှ ရမည်ဖြစ်ရာ နည်းပြမန်ချီနီမည်သို့စီမံဆောင်ရွက်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ယခုနှစ်တွင် အင်တာမီလန်မှာ ကစားသမားကောင်းများ အလျှံပယ်ခေါ်ယူဖြည့်တင်းထားသော်လည်း ဇယားထိပ်ဆုံး၌ ရပ်တည်နေသော အသင်းမှာ ဂျူဗင်းတပ်ပင်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် စီးရီးအေ၌ အဆင့်(၃) ချိတ်ခဲ့ရသဖြင့် ယခုနှစ်တွင် ချန်ပီယံဖလားရအောင်ယူမည့် အသင်းအဖြစ်လည်း ကြွေးကြော်နေသည့် ဂျူဗင်းတပ်နည်းပြ ကာပယ်လို၏ အပြောကို လက်တွေ့၌ ဖြစ်မဖြစ်စောင့်ကြည့်ရမည်ဖြစ်သည်။

ဂျူဗင်းတပ်တို့ ယခုနှစ်စီးရီးအေ နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံး အနိုင်ရရှိပြီး ခြေစွမ်းလည်းပြနိုင်သည်ဖြစ်ရာ တိုက်စစ်မှူးများကလည်း နှစ်ပွဲပေါင်း ငါးဂိုးသွင်းထားနိုင်ခဲ့သည်။ ဂျူဗင်းတပ်အသင်းက ကွင်းလယ်ကစားကွက်နှင့် တိုက်စစ်အားပါကောင်းမွန်သည်ဖြစ်ရာ ယခုပွဲ မိမိ



အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲအေစီမီလန်နှင့် ဘိုလော့နာတို့ ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တွင် အေစီမီလန်မှ ကာကာ(ယာ)၏ ထိုးဖောက်မှုကို ဗာလင်တင်ဗက်ဆဲက ဟန့်တားဖျက်ထုတ်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကစားရာတွင် အထိုင်မကျသေးဘဲရှိရာ ပုံမှန်ခြေစွမ်းပြန်မရသေးပေ။ သို့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အဝေးကွင်းတွင် ဝါဒါဘရီမင်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ခြေစွမ်းမျိုးရရှိခဲ့ပါက ပါးမားကို အနိုင်ရဖွယ်ရှိနေသည်။

ပါးမားအသင်းမှာလည်း အဝေးကွင်းရလဒ်ကောင်းသည့် အသင်းမဟုတ်သည့်အပြင် စီးရီးအေပွဲစဉ်(၁)၌ မက်ဆီနာနှင့် မိမိကွင်း၌ပင် ဂိုးမရှိသရေကျခဲ့ပြီး ပွဲစဉ်(၂)အဖြစ် အဝေးကွင်း၌ အူဒီးနိစ်ကို လေးဂိုး- ဂိုးမရှိဖြင့် ရှုံးခဲ့ရာ ပါးမားနည်းပြ ဘာလ်ဒီနီခေါင်းမဖော်ဝံ့အောင် ဖြစ်ခဲ့ရသည်။

လက်ရှိခြေစွမ်းအတိုင်းသွားပါက ပြီးခဲ့သည့်နှစ် စီးရီးအေရာသီ၌ အဆင့်(၅)ရရှိခဲ့သည့်ရလဒ်ကိုပင် ပြန်လည်ရရှိရန် လွယ်ကူမည်မဟုတ်ရာ နှစ်ပွဲကစားပြီးချိန်အထိ သွင်းဂိုးတစ်ဂိုးမျှမရှိခဲ့ခြင်းက သက်သေပြနေသည်။ ရှေ့တန်းမှ အသစ်ခေါ်ယူအားဖြည့်ထားသည့် မက္ကရိုနီလည်း ဂိုးသွင်းစွမ်းရည်မပြနိုင်သေးသည်ဖြစ်ရာ လက်ရှိခြေစွမ်းနှင့် အင်တာမီလန်တို့ကို အနိုင်ရရှိရန် မလွယ်ပေ။ အင်တာမီလန်တို့သာ နိုင်ပွဲရပြီး သုံးမှတ်ယူမည့်ပွဲဖြစ်သည်။

## ဂျူဗင်းတပ်နှင့် ပါလာမို

ယခုနှစ် စီးရီးအေရာသီတွင် ခြေစွမ်းအပြနိုင်ဆုံးအသင်းအဖြစ် တန်းစီကွင်း၌ အတန်းတက် ပါလာမိုကို ခြေအသာဖြင့် အနိုင်ယူကာ သုံးမှတ်အပြည့်ထပ်ယူမည်မှာ သေချာနေသည်။

## အားဖြည့်

ဂျူဗင်းတပ်တွင် ယခုနှစ်၌ အီမာဆင်နှင့် ဇဘီနာတို့အပြင် အင်တာမီလန်မှ ကာနာဗားရိုးပါ အားဖြည့်ထားသဖြင့် ယခင်နှစ်ကထက် အင်အားတောင့်တင်းပြီး ပုံမှန်ခြေစွမ်းပြနိုင်သည်ဖြစ်ရာ လူသစ်တန်း ပါလာမိုတို့ ခြေရည်တူကစားနိုင်ရန်ပင် အခက်အခဲရှိမည်ဖြစ်သည်။

သို့သော် ပါလာမိုမှာလည်း ယခုနှစ်မှ အတန်းတက်လာသော်လည်း ပွဲစဉ်(၁)၌ ဆီနာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ပွဲစဉ်(၂)၌ အင်တာမီလန်ကို အင်တာမီလန်ကွင်း၌ နှစ်ဂိုးစီသရေကျအောင် ကစားထားသည့် ခြေစွမ်းမှာလည်း အထင်မသေးဝံ့စရာဖြစ်ရာ ဂျူဗင်းတပ်တို့ သတိကြီးစွာထား ကစားရမည်ဖြစ်သည်။

လူသစ်တန်း ပါလာမိုအသင်း၏ ရှေ့တန်းတွင် တိုက်စစ်မှူး လူကာတိုနီမှာ ဂိုးသွင်းစွမ်းရည်ထက်မြက်လျက်ရှိရာ ပြီးခဲ့သည့်နှစ်က ပါလာမို အတွက် တစ်ဦးတည်း ၂၇ ဂိုးသွင်းယူပေးထားသူဖြစ်သည်။ ရှေ့တန်းတွင် အသစ်အားဖြည့်ထားသည့် ရေးဆင်းမှ ဂွန်ဇာလက်နှင့် ပါးမားမှ ဘာရိုနီတို့ကလည်း ခြေစွမ်းပြနိုင်ကြရာ ပါလာမို ခြေတွေ့ပါက စီးရီးအေအသင်းကြီးများ အရှုံးနှင့် ရင်ဆိုင်သွားရနိုင်ဖွယ်ရှိရာ ဂျူဗင်းတပ်တို့ ပါလာမိုကို မိမိအိမ်ကွင်း၌ လျှော့တွက်ပြီး ကစားခဲ့ပါက မမျှော်လင့်သောအဖြေထွက်လာနိုင်သည်။

သို့သော် ဂျူဗင်းတပ်၏ လက်ရှိခြေစွမ်းမှာ တည်ငြိမ်ပြီး ခြေစွမ်းထက်မြက်လျက်ရှိရာ အိမ်ကွင်း၌ ဂျူဗင်းတပ်တို့သာ အနိုင်ရရန် အလေးသာလျက်ရှိသည်။

## ဘိုလော့နာနှင့်ရိုးမား

ပြီးခဲ့သည့်နှစ်က အဆင့် (၁၂) ချိတ်ခဲ့သည့် ဘိုလော့နာမှာယခုနှစ် ပွဲစဉ်(၁)၌ ကယ်ဂလီဟာရီကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ပြီး ပွဲစဉ်(၂)တွင် အိမ်ကွင်း၌ ချန်ပီယံအေစီမီလန်ကို နှစ်ဂိုး-ဂိုးမရှိ ရှုံးထားသဖြင့် နိုင်ပွဲမရသေးသည့်အသင်းဖြစ်သည်။

ယခုနှစ်လူသစ်များဖြင့် အားဖြည့်ထားသော်လည်း ဇာဂိုရာကစ်၊ ကာပူရာဒိုနှင့် ဒီအာနီတို့လည်း ခြေစွမ်းမပြနိုင်ဖြစ်နေရာ အသင်းလိုက်စုစည်းမှုမရှိဘဲဖြစ်နေသည်။ အိမ်ကွင်းရလဒ်လည်း မကောင်းသည့် ဘိုလော့နာတို့ ရိုးမားကို ခြေရည်တူပင် ကစားရန်မဖြစ်နိုင်သည်ဖြစ်ရာ ဂိုးမပြတ်အောင်သာ ကာကွယ်ရမည်ဖြစ်သည်။

ပြီးခဲ့သောနှစ်က ဒုတိယရရှိခဲ့သော ရိုးမားအသင်းမှာ ပွဲစဉ်(၁)၌ ဖီအိုရင်တီးနားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ပွဲစဉ်(၂)၌ အဝေးကွင်းတွင် မက်ဆီနာကို လေးဂိုး-သုံးဂိုးဖြင့်ရှုံးခဲ့သဖြင့် စိတ်မသက်မသာဖြစ်ခဲ့ရသည်။ နည်းပြ ရူဒီဖောင်လာက မိမိအသင်း နိုင်ပွဲများ ဆက်တိုက်ရရှိအောင် ဆောင်ရွက်သွားမည်ဟုဆိုနေရာ ယခု ဘိုလော့နာနှင့် ပွဲတွင် အဖြေပေးတော့မည်ဖြစ်သည်။

ပွဲစဉ်(၄)တွင် စီးရီးအေအသင်းကြီးများဖြစ်သော အေစီမီလန်၊ အင်တာမီလန်၊ ဂျူဗင်းတပ်နှင့်ရိုးမားတို့ ပွဲကျပ်များ ကစားရမည်ဖြစ်ရာ နိုင်ပွဲများရရှိအောင် မည်သို့ကြိုးစားကျော်ဖြတ်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**



ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင်ကျင်းပမည့် အသက်(၁၈)နှစ်အောက် တင်းနစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ်တင်းနစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

# ပါကစ္စတန်နိုင်ငံ ကရာချိတွင်ကျင်းပမည့်ဂျူနီယာတင်းနစ်ပြိုင်ပွဲ ပါဝင်ဆင်နွှဲရန်မြန်မာလူငယ်တင်းနစ်အားကစားအဖွဲ့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၂**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် စက်တင်ဘာ၂၅ရက်မှအောက်တိုဘာ၄ရက်အထိ ကျင်းပမည့် အသက်(၁၈)နှစ်အောက် တင်းနစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူနည်းပြ ဦးအောင်မြင့် ခေါင်းဆောင်၍ မောင်ကျော်ဇော်နိုင်(အထက-၁၊ မင်္ဂလာတောင်ညွန့်)၊ ညီညီထွန်း(အထက-၁၊ မင်္ဂလာတောင်ညွန့်)နှင့် ချစ်ဆုရည်(အထက-၁၊ မင်္ဂလာတောင်ညွန့်)တို့ ပါဝင်သော အားကစားအဖွဲ့ဝင်လေးဦးသည် ယနေ့ညနေ ၄နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။

မြန်မာတင်းနစ်အားကစားအဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြပြီး ပြိုင်ပွဲခရီးစဉ်အတွက် MAI လေကြောင်းက အသွားအပြန် လေယာဉ်ခရီးစဉ်ကို ပံ့ပိုးကူညီပေးကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## ဘက်ဟမ်း၏အလွတ်တည်ကန်ဘောဖြင့် ရီးရဲမက်ဒရစ်အသင်း စတင်အောင်ပွဲခံနိုင်

**မက်ဒရစ် စက်တင်ဘာ ၂၂**

စပိန်လာလီဂါ ပွဲစဉ်(၄)အဖြစ် ရီးရဲမက်ဒရစ်အသင်းနှင့် အိုဆာစူနာအသင်းတို့ စက်တင်ဘာ၂၁ရက်က ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ရီးရဲမက်ဒရစ်အသင်းအတွက် အနိုင်ဂိုးကို၆၁မိနစ်တွင် ဒေးဗစ်ဘက်ဟမ်းက ၂၅ မီတာအကွာမှ အလွတ်တည်ကန်ဘော ကန်သွင်းခဲ့ရာတွင် ဂိုးဝင်သွားခဲ့ခြင်းဖြစ်သည်။

ယင်းအောင်မြင်မှုသည် ရီးရဲ မက်ဒရစ်နည်းပြကမာချို တနင်္လာနေ့က နုတ်ထွက်သွားပြီးနောက် ပထမဆုံးအောင်ပွဲဖြစ်သကဲ့သို့ နည်းပြသစ် မာရီယန်နိုဂါစီယာရီမွန် စတင်ကိုင်တွယ်သည့် ဗွေဆော်ဦးအောင်ပွဲလည်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်း ယခုနှစ်ရာသီအတွက် တတိယအနိုင်ပွဲလည်းဖြစ်ရာ စပိန်လာလီဂါတွင် လေးပွဲကစားပြီးချိန်၌ ကိုးမှတ်ရရှိထားသည်။

**အမ်အင်အေ၊ရိုက်တာ**

## အိုလံပစ်လီယွန်အသင်း ဇယားထိပ်သို့ရောက်နိုင်

**ပဲရစ် စက်တင်ဘာ ၂၂**

ပြင်သစ် ပထမတန်း ဘောလုံးပြိုင်ပွဲအဖြစ် အိုလံပစ်လီယွန်အသင်းနှင့် တူးလောက်အသင်းတို့ အင်္ဂါနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာ လီယွန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

လီယွန်အသင်းအတွက် အနိုင်ဂိုးများကို ကွင်းလယ်ကစားသမား မိုက်ကယ်အက်စိန်နှင့် တိုက်စစ်မှူး ဖယောရင့်မာလောက်ဒါတို့က ဒုတိယပိုင်းတွင် သွင်းယူပေးခဲ့သည်။

အိုလံပစ်လီယွန်အသင်းသည် ခုနစ်ပွဲကစားပြီး (၁၅)မှတ်ဖြင့် အသင်း ၂၀၏ ဇယားထိပ်သို့ ရောက်လာနိုင်သည်။ ဗုဒ္ဓဟူးနေ့က ထိုပွဲကို မကစားမီ ထိပ်ဆုံးရောက်မိုနာကို၏ နောက်မှ လိုက်နေရသည်။**အမ်အင်အေ၊ရိုက်တာ**

## အေအက်စ်ရိုးမားအသင်း သုံးဂိုး-ဂိုးမရှိအရှုံးသတ်မှတ်

**လန်ဒန် စက်တင်ဘာ ၂၂**

အေအက်စ်ရိုးမားအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ရုရှားမှ ဒီနာမိုကီယက်အသင်းနှင့် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားကြရာတွင် ဆွီဒင်ဒိုင်လူကြီးအား လူအုပ်ထဲမှ ခဲဖြင့်ပစ်ပေါက်မှုကြောင့် ခေါင်း၌ ဒဏ်ရာရခဲ့၍ ယူအီးအက်ဖ်အေ၏ စည်းမျဉ်းစည်းကမ်းအရ အေအက်စ်ရိုးမားအသင်းက ဒီနာမိုကီယက်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ပေးလိုက်ရသည်။

ရိုးမားအသင်းသည် ဥရောပပြိုင်ပွဲအဖြစ် နိုဝင်ဘာ ၃ရက်တွင် လေဗာကူဆင်အသင်းနှင့် လည်းကောင်း၊ ဒီဇင်ဘာ ၈ရက်တွင် ရီးရဲမက်ဒရစ်အသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်သည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## စာပေအလင်းရောင် ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ မော်လမြိုင်ကျွန်းမြို့ မဲဇလီကဇန်းချောင်းကျေးရွာ၌ ကျင်းပ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၈**

မော်လမြိုင်ကျွန်းမြို့နယ် အရှေ့ဘက်ခြမ်းအစွန်ဆုံး မဲဇလီကဇန်းချောင်းကျေးရွာ စာပေအလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၁၆ရက် မွန်းလွဲ ၂နာရီက မဲဇလီကဇန်းချောင်းကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)၊ စာကြည့်တိုက်မှူး ဒေါ်နော်မာဂရက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က စာကြည့်တိုက်အောင်မြင်ရှင်သန်ရေးကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဒေါ်နော်မာဂရက်က စာကြည့်တိုက် ပြုစုပျိုးထောင်ရေးကိုလည်းကောင်း ဟောပြောကြသည်။ ယင်းနောက် မဲဇလီကဇန်းချောင်းကျေးရွာ စာပေအလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေအလှူရှင်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်စိုးက လက်ခံရယူကြသည်။

**(မြို့နယ်ပြန်/ဆက်)**



## ကျေးလက်အနှံ့ ဖွံ့ဖြိုးတိုးတက်နေသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လုပ်ငန်း



## လှည်းကူးမြို့နယ်၌ ပညာတံခွန်စာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရသောရည်ရွယ်ချက် ရှင်းလင်းဟောပြော

**လှည်းကူး စက်တင်ဘာ ၁၀**

လှည်းကူးမြို့နယ် ရေတာလဘောင်ကျေးရွာ ပညာတံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက်က ကျေးရွာကုဋ္ဌာသယ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အုန်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးသောင်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

**ရှင်းလင်းဟောပြော**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရသော ရည်ရွယ်ချက်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့်ပတ်သက်၍ရှင်းလင်းဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## သီပေါမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များရှင်းလင်းပြောကြား

**သီပေါ စက်တင်ဘာ ၈**

သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်ပညာအလင်း စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၁ရက်က ဘော်ကြိုကျေးရွာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဦးစိုင်းစိန်လင်း၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်သိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် သီပေါမြို့နယ်အတွင်းရေးမှူး ဦးစိုင်းစိန်လင်း၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်သိန်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းသာလှိုင်က ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ ရှင်းလင်းပြောကြားကြသည်။ **(၁၀၆)**


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။
* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။


## ဖွင့်လှစ်

ပန်းတနော်မြို့နယ် မိမ္မပြေးကျေးရွာ စေတနာမွန် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၁၅ရက်က မိမ္မပြေးကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးလွင်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)



## စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့



## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်။



# ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များ လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

## ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း- ၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

# မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ အစာအုပ်စုသုံးစုပုံပါ မြေစိုက်ပိုစတာဖွင့်ပွဲအခမ်းအနားကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၀

**မွန်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် အစာအုပ်စုသုံးစုပုံပါ မြေစိုက်ပိုစတာ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ရက်က မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကော်မတီရုံးရှေ့တွင် ကျင်းပသည်။**

ရှေးဦးစွာ မွန်ပြည်နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က မြေစိုက်ပိုစတာ ဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်သန်းသန်းနွဲ့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲတွင် ငါးနှစ်အောက် ကလေးငယ်များကို ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးသည်။ **(အပေါ်ပုံ)**

မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က အစာအုပ်စုသုံးစု စားသုံးမှုကို ရှင်းလင်းတင်ပြပြီးနောက် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်သန်းသန်းနွဲ့က ရွှေမြိုင်သီရိရပ်ကွက် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းသို့ ဆေးဝါးများ ပေးအပ်လှူဒါန်းသည်။ **(၁၆၈)**

**စစ်ကိုင်းတိုင်း ကလေးမြို့ ဗန္ဓုလလမ်း အရှည်ပေ ၁၅၀၀ ကတ္တရာခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)





# မန္တလေးတိုင်းစည်ပင် ရေအရည်အသွေးစမ်းသပ်ခြင်းသင်တန်းဆင်း

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းစည်ပင်သာယာရေး ဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းဖွင့်လှစ်သည့် အထက်မြန်မာပြည် ရေအရည်အသွေးစမ်းသပ်ခြင်း သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၀ရက်က မန္တလေးတိုင်း တိုင်းစည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက သင်တန်းဆင်းအမှာစကား ပြောကြားပြီး အထက်မြန်မာပြည် ပြည်နယ်၊တိုင်း ခုနစ်ခုမှ သင်တန်းသား သင်တန်းသူ ၃၄ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

**(တိုင်းစည်ပင်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

# မင်းဘူးကျေးလက်ဒေသများသောက်သုံးရေရရှိရေး စက်ရေတွင်းဆိုင်ရာပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

**မင်းဘူး စက်တင်ဘာ ၁၂**

မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့က ကြီးမှူးကျင်းပသော မင်းဘူးမြို့နယ် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေး သင်တန်း(၁/၂၀၀၄)ကို မင်းဘူးမြို့နယ် လေးအိမ်တန်းကျေးရွာတွင် ဩဂုတ် ၁၉ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်း၊ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးတင်ဦးတို့က စက်ရေတွင်းများဆိုင်ရာ လက်နှိပ်တုံကင်၊ ပန့်များ၊ အင်ဂျင်များ၊ စက်ရေတွင်းများ ရေရှည်တည်တံ့စွာ သုံးစွဲနိုင်ရေး ဆွေးနွေးဟောပြောကြသည်။ **(အောက်ပုံ)**

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးက အုပ်ချုပ်မှုပိုင်းဆိုင်ရာကိုလည်းကောင်း၊ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**(မြို့နယ်စည်ပင်)**



**စက်တင်ဘာ ၁၂ရက်က ဆိပ်ဖြူမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက်မြို့အထွက် ဆောလမ်းဆုံတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းတင့်၊ ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်နှင့် ဝန်ထမ်းများ စုပေါင်းသစ်ပင် စိုက်ပျိုးကြစဉ်။** (မြို့နယ်စည်ပင်)



**မြောင်းမြမြို့နယ် ခရိုင်ပညာရေးမှူးရုံးက ကျင်းပသော အဆင့်မြင့်သင်ထောက်ကူ ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က မြောင်းမြမြို့ ပညာရတနာခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးမျိုးဆွေက မြို့နယ်အတွင်းရှိ မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများအတွက် ရေဒီယို၊ ကက်ဆက် ၄၅လုံးနှင့် တိပ်ခွေများကို ကျောင်းအုပ်များထံ ပေးအပ်လှူဒါန်းစဉ်။**

(ခရိုင် ပြန်/ဆက်)



23-9 (16).p65 1 24.03.1905, 12:05 PM

# ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရေး။
- မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

သြဂုတ် ၁၄ ရက်က တန့်ယန်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် ဝန်ထမ်းများ လားရှိုး-တန့်ယန်းလမ်းမကြီး ဘေးဝဲယာ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)



## အဆို၊ အက၊ အရေး၊ အတီးပြိုင် ဆုချီးမြှင့်ပွဲမုဒုံမြို့နယ်၌ကျင်းပ

**မုဒုံ စက်တင်ဘာ ၁၀**

မုဒုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသော ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၂ ရက်က မုဒုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မောင်မောင်၊ အဖွဲ့ဝင်(၁) မုဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးလွင်၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာ ဦးတင်ဌေးနှင့် ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များက ဆုရရှိသူများအား ဆုများပေးအပ်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**





## တောင်ငူခရိုင် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဆုရပြိုင်ပွဲဝင်များ ဆုပေးအပ်ချီးမြှင့်



**တောင်ငူ စက်တင်ဘာ ၁၆**

တောင်ငူခရိုင် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဆုရပြိုင်ပွဲဝင်များအား ဆုပေးပွဲ အခမ်းအနားကျင်းပရာ တောင်ငူခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးရဲမြင့်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၃၀၃)**

## အမြို့မြို့ အနယ်နယ် သတင်းများ

**ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သောက်သုံးရေရရှိစေရေးအတွက် ဝဲကြီးကျေးရွာနှင့် ညောင်ဝိုင်းလေးကျေးရွာများတွင် ရေချိုရရှိရန် ပြန်လည် တူးဖော်မှုကို စက်တင်ဘာ ၇ ရက်က အမှုဆောင် အရာရှိ ဦးကြည်တင် ကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## ချောင်းဆုံမြို့နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

**ချောင်းဆုံ စက်တင်ဘာ ၁၅**

ချောင်းဆုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု (မြို့နယ်အဆင့်)ဒွါဒသမအကြိမ် (၁၂ကြိမ်) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို သြဂုတ် ၂၉ ရက်က ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ကျွန်းသာယာခန်းမတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်**

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု (မြို့နယ်အဆင့်) ဒွါဒသမအကြိမ် (၁၂ကြိမ်) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို ခေတ္တမြို့နယ်ဥက္ကဋ္ဌ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်လှက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဆုပေးပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးတင်လှနှင့် တာဝန်ရှိသူများက ဆုရရှိသူ ပွဲပြိုင်ဝင်များအားဆုများ ချီးမြှင့်ပေးအပ်လိုက်သည်။ **(ခရိုင် ပြန်/ဆက်)**




## အုတ်တွင်းမြို့နယ်သစ်တောဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဟောပြော

**အုတ်တွင်း စက်တင်ဘာ ၁၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက်က တောင်ငူခရိုင် အုတ်တွင်းမြို့ အထက အစည်းအဝေးခန်းမတွင် ကျင်းပရာ အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ် (၆) ရပ်ကွက်မှရပ်ကွက်ဥက္ကဋ္ဌနှင့် ကျောင်းသူကျောင်းသားများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးအောင်ကျော်လင်းက **(ဝဲပုံ)** ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးသည်။ **(၃၁၆)**

**သြဂုတ် ၂၈ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ် တာဝန်ခံအရာရှိ ဦးတင်မိုးလှိုင် ဦးဆောင်သော ဝန်ထမ်းများ အဖွဲ့ပိုင်ရုံးနှင့် ဈေးများ၌ ခြင်နှင့်ယင် အန္တရာယ် ကင်းဝေးစေရေးအတွက် ဆေးဖျန်း ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဖိုးသား (ပျဉ်းမနား)

**အသက်(၉၇)နှစ်**

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်၊ ဥယျာဉ်ဆန်စက်ဝင်းနေ ဦးသန်းအောင်-ဒေါ်သန်းငွေး၊ ဦးထင်လင်း(ဥယျာဉ်ဆန်စက်ပိုင်ရှင်)-ဒေါ်မြရွှေ (ပြည့်ဖြိုးဝေဆန်စက်ပိုင်ရှင်)၊ (ဦးမြင့်လွင်)(BAC၊လေကြောင်းဌာန)-ဒေါ်ခင်ဝင်း၊ ဦးမြင့်ထွန်း(မြေစာရင်းဦးစီးဌာန၊ပျဉ်းမနား)-ဒေါ်ခင်မမတို့၏ဖခင်၊ မြေး ၁၈ ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ပျဉ်းမနားမြို့ မြို့မသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒုတိယဗိုလ်မှူးကြီးထွန်းရီ (ငြိမ်း)

**ကြည်း/၆၇၉၄**

**အသက်(၇၇)နှစ်**

သာကေတမြို့နယ်၊ အမှတ် ၆၃၊ သန်လျင်တံတားအိမ်ရာဝင်း၊ ၇ ဈေးလမ်းနေ (ဒေါ်လှရီ)၏ခင်ပွန်း၊ ဦးတင့်ဆွေ(ညွှန်မှူး၊နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ငွေးငွေးဝင်းတို့၏ဖခင်၊ ဒေါ်အိမွန်ဆွေ(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးထွန်းလင်းဆွေ(အမ်ဘီအေ-၁၀)တို့၏အဘိုးသည် ၂၁-၉-၂၀၀၄ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးကို ၂၇-၉-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်အေးရီ(ခ)ဒေါ်ရီ (သန်လျင်)

**အသက်(၅၅)နှစ်**

တောင်သာမြို့နေ (ဦးတေ)-ဒေါ်လှမြိုင်တို့၏သမီးကြီး၊ ဦးလှမင်း၏ဇနီး၊ ဦးကျော်ကျော်မင်း(တိုင်းမန်နေဂျာ၊စစ်ကိုင်းတိုင်း ကုန်သွယ်/လယ်ယာ)-ဒေါ်နှင်းနှင်းစိုး၊ ဦးဇော်ဝင်းမင်း (လ/ထ ကထိက၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)-ဒေါ်ဥမ္မာလင်း(လ/ထ ကထိက၊ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၊ ဦးထွန်းထွန်းမင်း-ဒေါ်အေးမိုးတင်(MITT)၊ ဒေါ်ထွေးထွေးမင်း(ခရိုင်စာရင်းရုံး၊သန်လျင်)-ဦးတေဇ(Uniteam)၊ ဦးနေလင်းထွဋ်-ဒေါ်တင်ခိုင်ခိုင်ထိုက်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် သန်လျင်မြို့၊ အမှတ် ၁၊ ၆ လမ်း၊ ထန်းပင်ကုန်းရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှပျဉ်ထောင်ကျောင်းသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြတင် (ဇီးကုန်း) အသက်(၇၉)နှစ်

သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အမက(၁၉)၏မိဘဆရာအသင်းနာယက၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်၏မိခင်ဒေါ်မြတင်သည် ၁၃-၉-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမက(၁၉)သာကေတ၊မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့။**

ကျေးဇူးတင်ရှိခြင်း

## ဦးမျိုးထွန်း

**အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ**

**သံလွင်တံတားစီမံကိန်း(မော်လမြိုင်ဘက်ကမ်း)**

၁၆-၉-၂၀၀၄ရက်တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားသော ဦးမျိုးထွန်း အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ၊ သံလွင်တံတားစီမံကိန်း(မော်လမြိုင်ဘက်ကမ်း)၏ရျာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ပြည်သူ့ဆောက်လုပ်ရေးရုံးချုပ်မှ ဆရာများနှင့်ဝန်ထမ်းများ၊ သံလွင်တံတားစီမံကိန်း (မော်လမြိုင်ဘက်ကမ်း)မှ အင်ဂျင်နီယာမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများ၊ အင်ဂျင်နီယာမှူးကြီး(အငြိမ်းစား) ဦးမျိုးချစ်နှင့်မိသားစု၊ AGTI (အင်းစိန်)မှသူငယ်ချင်းများ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

**စားပွဲနှင့်ကုလားထိုင်များ ငှားရန်**

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂**

## အမည်ပြောင်း

ဦးထိန်လင်း၏သမီး အထက(၁) တောင်တွင်းကြီး၊ ဒသမတန်း(ခ)မှ မချိုဝေလွဲ့လွဲ့ထွန်းအား မချိုကြည်ကြည်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

**မချိုကြည်ကြည်လွင်။**

**သမီး အဖြစ်မှ**

**အမွေပြတ်စွန့်လွှတ်ခြင်း**

(ဦးစံထွေး)-ဒေါ်ခင်ထွေးတို့၏သမီး ဒေါ်သီသီထွေး ၁၂/အစန(နိုင်)၀၉၄၉၄၄၊ ၅/၁၊ ၁၂၅၊ ရွှေလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့နေသူသည် မိဘအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

**မိခင်-ဒေါ်ခင်ထွေး ၁၂/အစန(နိုင်)၀၉၅၂၈၄။**

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ရိုစီ

**အထက(၄)မြောက်ဥက္ကလာပ**

**အသက်(၅၈)နှစ်**

မြောက်ဥက္ကလာပမြို့နယ်၊(င)ရပ်ကွက်၊ နွယ်နီ ၁၃ လမ်း၊ အမှတ် ၄၈၈ နေ (စောအုံးရွှေ)-ဂျဲအေးစိန်တို့၏သမီးကြီး၊ ဦးတင်ရွှေ၏ဇနီး၊ စောမိုးဇက်-နန့်မာလာဦး၊ စမြင့်သူ-နန့်ကြည်ကြည်နိုင်၊ စမြင့်သိန်း(ဒုရဲအုပ်၊ယာဉ်ထိန်း)-နန့်တင်နွယ်ဦးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဖွားသည် ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၃-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး ရေဝေးအအေးတိုက်မှ ရေဝေးခရစ်ယာန်သုသာန်တွင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးရန်နိုင်အောင်(ခ)ကိုကြီး

**အသက်(၄၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ယင်းမာမြိုင်လမ်း၊အမှတ် ၃၆၆ နေ ဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း)-ဒေါ်အေးအေးမာတို့၏သားကြီး၊(ဒေါ်စိုးစိုးဦး)၏ခင်ပွန်း၊ [မောင်ထွန်းတင့်အောင်(ခ)ဖိုးသဲ]၊ မမေသဇင်ခိုင်(တတိယတန်း၊ အထက-၁၊ သုဝဏ္ဏ)၏ဖခင်၊ ကိုသိန်းထူး-မမြတ်သန္တာထွေး၊ ကိုသိန်းထိုက်၊ မကေခိုင်မြတ် - ကိုဝင်းမြဟန်တို့၏ အစ်ကိုကြီး၊ တူ တူမ ငါးယောက်တို့၏ ဘကြီးသည် အထက်ပါနေအိမ်၌ ၂၂-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးဘအေး

**ဒု-တိုင်းသမဝါယမဦးစီးဌာနမှူး(ငြိမ်း)**

**ပခုက္ကူအသင်းနာယက**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခိတာလမ်း၊ အမှတ် ၄(က)နေ(ဒေါ်ကြည်)၏ခင်ပွန်း၊ ပခုက္ကူမြို့နယ်၊ ပိုက်သင်ရွာနေ (ဦးထွန်းဝင်း-ဒေါ်ဝံမိ)တို့၏သား၊ ဦးမြင့်သန်း၊ ဒေါ်ဆွေဆွေ(ကျော်မြန်မာဆုံဆီ)-ဦးရဲမြင့်(တရားရုံးချုပ်ရှေ့နေ)၊ ဦးမြင့်သိန်း (CH-LINE-SA)-ဒေါ်ညွှန့်ညွှန့်ကြည် (တွဲဖက်အခွန်ဦးစီးမှူး၊ ပန်းဘဲတန်း)၊ ဒေါက်တာချိုချိုအေး(B.V.S)-ဦးမြင့်ဆွေ(2/E-P.C.L)တို့၏ဖခင်၊ မဆုမွန်(B.E၊ယုဇနဆောက်လုပ်ရေး)၊ မောင်ကျော်ဇော်ထက်(ဒုတိယနှစ်၊ ဥပဒေ)၊ မခင်ခက်ခက်ခိုင်(ပထမနှစ်၊ကွန်ပျူတာ)၊ မောင်ဘုန်းမြတ်သူ(ပထမနှစ်၊ ဆေး-၁)၊ မပန်းနုခင် (သတ္တမတန်း၊ ဒဂုံ-၁)တို့၏အဘိုးသည် ဆာကူရာအထူးကုဆေးခန်း၌ ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးလှရွှေ(ခ)နောင်မဲ (ထားဝယ်)

**လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)**

**မက္ကင်းနစ်ဆရာကြီး**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်၊ အုတ်လမ်း၊ အမှတ် ၁၂၁ (E)နေ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ထားဝယ်မြို့၊ တွင်းရပ်နေ (ဦးဘိုးရှိန်-ဒေါ်အုန်းမေ)တို့၏သား၊ (ဦးခင်လှိုင်-ဒေါ်ငွေခင်)၊ ဦးတင်ရှိန်-(ဒေါ်သန်းလှ)၊ (ဦးသန်းမောင်-ဒေါ်တင်ကြည်)တို့၏အစ်ကိုကြီး၊ ဦးမြင့်ဝင်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ခင်ခင်အေး(ဦးစီးအရာရှိ၊ရှေ့နေချုပ်ရုံး)၊ ဦးကိုကိုလတ်၊ ဦးကိုကိုနိုင်-ဒေါ်ညိုညိုသက်(Force Computer)၊ (ကိုကိုဦး)၊ (ကိုကိုအောင်)၊ ကိုကိုကျော်၊ မခင်ချိုပြုံးတို့၏ဖခင်၊မောင်ပြည့်စုံ(IV-A၊အထက-၂၊ကမာရွတ်)၊ မောင်မျိုးသီဟနိုင်(I-B၊အထက-၂၊ကမာရွတ်)တို့၏အဘိုးသည် ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၅း၃၀နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ခင်တီ(ခ)ဆရာမကြီးဒေါ်စမယ်လီ (ချောက်)

**အသက်(၈၇)နှစ်**

အင်းစိန်မြို့နယ်၊ရွာမအရှေ့ရပ်ကွက်၊အမှတ် ၂၄၊ကန်လမ်းနေ(ဦးမောင်ကို-ဒေါ်သိန်းနွဲ့)တို့၏သမီး၊ (ဦးစမယ်လီ၊ မြန်မာ့ရေနံဆေးရုံ၊ ချောက်)၏ဇနီး၊ ဦးတင်အောင်ချစ်(Hanseatic Yedagun F.S.O)-ဒေါ်ရှယ်လီစမယ်လီ (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ (ဦးခင်ထွန်း)-ဒေါ်သန်းမြိုင်(မင်းဘူး)၊ ဦးထွန်းတင်-ဒေါ်ခင်အုန်းမြင့်(ကျောက်ပန်းတောင်း)၊ဦးမောင်မောင်(F.A.O)-ဒေါ်ယဉ်ယဉ်နွဲ့၊ ဦးဂျိုးဇက် (Damco Engineering၊ ပျဉ်းမနား)-ဒေါ်မြင့်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၉-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ရွာမနှစ်ခြင်းအသင်းတော်ဇိမာန်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်သန်းကြည်

**(ဝါးဘလောက်သောက်)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၅၊ ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ(ဦးမိုး-ဒေါ်တုတ်)တို့၏သမီး၊ဦးအုန်းမောင်-(ဒေါ်သန်း)တို့၏ညီမ၊ (ဦးထွန်းရီ)-ဒေါ်မြင့်မြင့်သိန်းတို့၏အဒေါ်၊ မစန်းစန်းသွယ်၊ မမိုးမြင့်သွယ်-Norinobu Shinji၊ ကိုကျော်မင်းထွန်း-မခင်စန်းမြိုင်၊မခင်သင်းရီ-ကိုတင့်ဇော်၊ ကိုကျော်ဝင်းထွန်းတို့၏အဘွား၊ စုချယ်ရီလှိုင်၏အဘွားသည် ၂၂-၉-၂၀၀၄ရက် နံနက် ၁၀း၅၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊လမ်း၊ဆွမ်း ဒါယကာကြီး

## ဦးမောင်မောင်စံ (တောင်သာ)

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက် ၂၊ အခန်း ၁၀၇၊ ဝေဇယန္တာအိမ်ရာ၊ (ဇ/တောင်)ရပ်ကွက်နေ အငြိမ်းစားကျောင်းဆရာ ဦးထွန်းဖေ(အထက သုဝဏ္ဏ)-အငြိမ်းစား ကျောင်းဆရာမ ဒေါ်မြခင်(အထက၊ သုဝဏ္ဏ)တို့၏သားသည် ၂၀-၉-၂၀၀၄ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေတွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးထွန်းထွန်းကျော်

**ဒု-လဝကမှူး**

**(စစ်တွေမြို့)**

**အသက်(၃၅)နှစ်**

စစ်တွေမြို့၊ မိဖရပ်၊ ရွှေသာလမ်းနေ ဒေါ်နုနုသာ(အလပြ)၏ခင်ပွန်း၊ မအေးခိုင်ဇံ (V-A ၊ အထက-၂၊ စစ်တွေ)၊ မအေးနုဇံ(မူကြို)တို့၏ဖခင်သည် ၂၀-၉-၂၀၀၄ရက် ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

## ဗိုလ်ကြီးထွန်းနု (ငြိမ်း)

**ဗိုလ်သင်တန်းအပတ်စဉ်(၂၈)**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊(၂၅)ရပ်ကွက်၊ ယုကလစ်မြိုင်လမ်း၊ တိုက် ၂၉၂၊ အခန်း ၅ နေ (ဦးမောင်စောဦး-ဒေါ်ရီ)တို့၏ သား၊ (ဦးဖြူမောင်-ဒေါ်နှင်းပွင့်ခိုင်)တို့၏သားသမက်၊ ဒေါ်အေးညွှန့်၏ခင်ပွန်း၊ ဦးကျော်ဇော (Liz Star Enterprise)-ဒေါ်နီနီအေး(လဝက)၊ဒေါ်သီဂီရွှေ-ဦးသန်းထွန်း၊ဒေါ်မခင်ညွှန့်-ဦးချန်ထွန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ-ဒေါ်မြသူဇာ၊ကိုထွန်းထွန်းရွှေတို့၏ဖခင်၊ မလတ်ဖြူဦး(IV-B၊ အထက၊သုဝဏ္ဏ)၊ မသီရိ(III မန္တလေး)၊ မောင်အာကာ၊ မောင်အေးချမ်းကျော်၊ မောင်အေးထက်ကျော်တို့၏အဘိုးရှင်သည် ၂၂-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးတင်လှိုင် (ဝါးခယ်မ)

**(တရားရုံးချုပ်ရှေ့နေ)**

**ဝိဇ္ဇာဘွဲ့(ဥပဒေ)၊ဥပဒေဝိဇ္ဇာဘွဲ့**

**အသက်(၆၄)နှစ်**

ဝါးခယ်မမြို့နေ [ဦးစံရ(ခ)ဦးဟာကင်-ဒေါ်သိန်းမြ]တို့၏သား၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အိမ်အမှတ် ၂၈(က)၊ အပေါ်ထပ်နေ ဒေါ်ခင်တိုး(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အလက-၁၊ ဝါးခယ်မ)၏ခင်ပွန်း၊ ဦးမြမောင်-ဒေါ်စိန်စိန်တို့၏ အစ်ကို၊ မောင်ကျော်မျိုးထွန်း၊ မလွင်ဖြူသန့် (မြန်မာ့သတင်းစဉ်၊ ပြည်တွင်း)တို့၏ဖခင်သည် ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောဘိုနီဘွင့်

**ဆက်သွယ်ရေး(ငြိမ်း)**

**အသက်(၈၃)နှစ်**

အမှတ် ၁၂၁၆၊ စံစီဖိုးလမ်း၊ ပုသိမ်မြို့နေ (ဦးစံဘွင့်-ဒေါ်ညိမ်းပွင့်)တို့၏သား၊(နော်ဒိုးရာလှ)၏ခင်ပွန်း၊ စောဂျက်ဖရီဘွင့်-နော်ဂေးစု၊ စောစယ်မြူရယ်-မိကြည်ကြည်သောင်း၊ စောမင်းနိုင်-မနယ်လီ၊ (နော်မော်လီဘွင့်)၊ ဆရာမဒေါ်လီဘွင့်(မျက်မမြင်ကျောင်း၊ သမိုင်း)တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၉-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကိုသာဖြူ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ပုသိမ်မြို့ရှိ ဗိုလ်ကနောင်ခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်စော

**(မော်လမြိုင်၊မုပွန်)(ကျိုက္ခမီ)**

**အသက်(၈၀)**

မော်လမြိုင်မြို့၊ မုပွန်ရပ်နေ ဦးအောင်ဖံ-ဒေါ်စိမ်းညိုတို့၏သမီး၊ (ဦးတင်မောင်)၏ဇနီး၊ (ဦးအုံးလွင်)၊(ဦးသောင်းလွင်)တို့၏ညီမ၊ ဦးစိုးလွင်၊ (ဒေါ်ကြည်)၊ (ဒေါ်ရီ)၊ဦးဖေအောင်တို့၏အစ်မ၊ ဦးဝင်းအောင်၊ ဒေါ်ခင်မြင့်မြင့်၊(ဦးချစ်ထွန်း)၊ ဒေါ်အေးအေးမြင့်(ခ)မပိန်/ရွှေလုံး၊ [ဒေါ်အေးသန်း(ခ)ပြုံးချို]၊ ဦးအောင်သန်းဝင်း၊ (မသင်းသင်းသွယ်)တို့၏မိခင်၊မြေး ၁၄ ယောက်၊မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၀၄ရက်တွင် မော်လမြိုင်မြို့ ကျောက်တန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးမောင်မောင် (မော်ကျွန်း)

**အသက်(၇၇)နှစ်**

သာပေါင်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ပြည်သူ့ဆေးရုံဝင်းနေ (ဒေါ်သိန်းညွှန့်)၏ခင်ပွန်း၊မြို့နယ်ဆရာဝန်ကြီးဒေါက်တာဝင်းရွှေဝင်း-ဒေါ်ခင်ငွေးကြွယ်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့နေ ဦးစိုးဝင်းသိန်း-ဒေါ်ယဉ်နွဲ့မောင်တို့၏ဖခင်၊ မအေးအေးငြိမ်း၊မယဉ်မွန်သိန်း၊ မောင်ကောင်းမြတ်တို့၏အဘိုးသည် ၁၈-၉-၂၀၀၄ရက် (စနေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၃)ရပ်ကွက်၊ ထန်းတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

## ဒေါ်ဖြူတီ

**သူနာပြုဆရာမကြီး(ငြိမ်း) BPI**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁)ရပ်ကွက်၊ အောင်မာဃလမ်း၊ အမှတ် ၂၃ နေ (ဦးလင်းမောင်-ဒေါ်အယ်မီ)တို့၏သမီး၊ ဦးစောရှေ့တော့၏အစ်မ၊ ဒေါ်အယ်လစ်ခင်၏ညီမ၊ ဦးမျိုးဇော်ထွန်း-ဒေါ်ကေသီလွင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးထွန်းလင်း၏ချစ်လှစွာသောဇနီး ဒေါ်ဖြူတီသည် ၂၁-၉-၂၀၀၄ရက် မွန်းလွဲ ၂း၄၀နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးကြင်ဆိုင်

**ဦးစီးမှူး(သင်ရိုး)**

**ပညာရေးစီမံကိန်းနှင့်**

**လေ့ကျင့်ရေးဦးစီးဌာန**

**အသက်(၅၉)နှစ်**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အမှတ် ၀/၂၅၊ ဗိုလ်တာရာလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်နေ (ဦးဗဒင်-ဒေါ်စောမြ)တို့၏သား၊ဦးစိုးမြင့်၏သားသမက်၊ ဒေါ်တင်အေး၏မောင်၊ ဒေါ်ခင်ဝင်းမြင့်၏ခင်ပွန်း၊ မမြင့်မြင့်ခိုင်(နောက်ဆုံးနှစ်၊ အင်္ဂလိပ်စာ)၊ မစန္ဒာတို့၏ဖခင်သည် ၂၂-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင် ပျဉ်တောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ဇဝန မဟာထေရ်မြတ်

**ဂဏာဓိပတိ၊ ဂဏပါမောက္ခ**

**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ**

မင်းကန်နိကာယ ဂဏာဓိပတိ၊ ဂဏပါမောက္ခ ဂိုဏ်းချုပ်ဖြစ်တော်မူသော ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကန်ချောင်းကျောင်းဦးစီးနာယက ဘဒ္ဒန္တဇဝန သက်တော်ရှည်ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၆ရက် (၁၉-၉-၂၀၀၄ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။ (ရျာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်ဒါယကာ၊ဒါယိကာမများ

ကန်ချောင်းရွာ၊ပုဏ္ဏားကျွန်းမြို့နယ်၊ရခိုင်ပြည်နယ်။

ဘဝနတ်ထံပျံလွန်တော်မူ ခြင်း

## ဘဒ္ဒန္တ မာဃိန္ဒ

**သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ**

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ကျောင်းတိုက်၊ အေဝမ်းကျောင်း ပဓာနဆရာတော် ဘဒ္ဒန္တမာဃိန္ဒသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၈ ရက် (၂၁-၉-၂၀၀၄ရက်) အင်္ဂါနေ့ ည ၈း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၁၀ ရက် (၂၃-၉-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ပညာဝံသ မဟာထေရ်

**သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ**

မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ ဌေ့ကျောင်းရွာ(ခ)မင်းဝန်ကျေးရွာ သာသနာနုဂ္ဂဟ ရွာဦးကျောင်းဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက် (၂-၉-၂၀၀၄ရက်) ကြာသပတေးနေ့ နံနက် ၅း၂၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၆၆ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက် (၂-၁၀-၂၀၀၄ရက်) စနေနေ့တွင် နိဗ္ဗာန်ကျောင်းချ၍ ၁၃၆၆ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက် (၂၆-၂-၂၀၀၅ရက်) စနေနေ့တွင် အန္တိမအဂ္ဂိရျာပနသာဓုကီဠနပူဇာသဘင်ပွဲကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး

## ဦးစံအောင် (အင်းစိန်)

**C.D.C-3738**

**အသက်(၆၀)**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ကွက်သစ်ရပ်ကွက်၊ ဘောဂလမ်း၊ အမှတ် ၁၅၀နေ (ဦးရွှေထွန်းအောင်-ဒေါ်အုန်းနှစ်)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးအုန်းညွှန့်-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ဒေါ်သန်းကြည်၏ခင်ပွန်း၊ဦးမင်းသန်းထိုက်-ဒေါ်စန်းစန်းဝင်း၊ မလဲ့လဲ့ဝင်း၊ ကိုတင်မောင်နိုင်(Sunrise)၊မစန္ဒာအောင်၊မောင်ကျော်စွာအောင် (Marinconsult)၊ မောင်လင်းလင်းအောင်(Marinconsult)တို့၏ဖခင်၊ မဥမ္မာခိုင်မင်း (1st Hons IR,DU)၊ မတင်မာခိုင်ဝင်း (1st B.Pharon)၊မအေးချမ်းဇင်ဝင်း (အမက-၁၂၊ အင်းစိန်)တို့၏အဘိုးသည် ၂၁-၉-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးဂေးလီ

**အသက်(၄၈)နှစ်**

အင်းစိန်မြို့နယ်၊ အမှတ် ၈၀၊ အောက်မင်္ဂလာဒုံလမ်း၊ ရွာမအရှေ့ရပ်ကွက်နေ ဦးချင်ဟောင်း-ဒေါ်စိုက်ခင်တို့၏သား၊ ဦးရွှေသိန်း-ဒေါ်စွမ်တို့၏သားသမက်၊ ဒေါ်မယ်ရီ၏ခင်ပွန်း၊ ဦးခင်ရွှေ-ဒေါ်သန်းသန်းမြင့်တို့၏မောင်၊ ဒေါက်တာစိန်စိန်မြင့်၊ ဦးဂေးစွန်- ဒေါ်စန်းစန်းအေး၊ ဦးအုန်းလှိုင်-ဒေါက်တာစန္ဒာဝင်းတို့၏အစ်ကို၊ မောင်ဟန်ထွန်း(စတုတ္ထတန်း၊ အမက-၁၊ အင်းစိန်)၊ မောင်မျိုးမင်းဟန်(ပထမတန်း၊ အမက-၁၊ အင်းစိန်)၊ မောင်ဖြိုးမင်းဟန် (ပထမတန်း၊ အမက-၁၊ အင်းစိန်)တို့၏ဖခင်၊ တူ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂၂-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တုတ် (ဖျာပုံ)

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၃၂၊ နီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးသာဒက်-ဒေါ်ရှင်)တို့၏သမီး၊ ဖျာပုံမြို့နေ (ဦးအေး)-ဒေါ်ကြည်၊ (ဦးညွှန့်တင်-ဒေါ်ခင်ညွှန့်)တို့၏ အစ်မကြီး၊ ဦးမြင့်ငွေး(လဝကဦးစီးမှူး၊ဘိုကလေး)-ဒေါ်ဝိုင်းစိန်(အလက-၂၊ ဘိုကလေး)၊ (ဦးငွေစိုး)၊ ဒေါ်သန်းသန်းငွေး၊ ဒေါ်မြင့်မြင့်ဆွေ(အထက-၁၊ ဖျာပုံ)၊ (ဦးမင်းနိုင်)၊ ဒေါ်ထူးအောင်၊ ဦးတင်လှိုင်၊ ဦးစိန်ဝင်း-ဒေါ်သန်းသန်းဝင်း၊ ဦးကျော်လွင်-ဒေါ်လှလှမူ (ခြသေ့်မင်း ရွှေဆိုင်၊ ဖျာပုံ)၊ ဦးမျိုးမြင့်-ဒေါ်စန်းယုမော်တို့၏ကြီးကြီးသည် ၂၀-၉-၂၀၀၄ရက် ညနေ ၅နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်ယဉ်နီ

**(ရာသက်ပန်အသင်းဝင်)**

**ရေကြည်မြို့နယ်အသင်း၊**

**ကျောက်ပန်းတောင်း**

**မြို့နယ်အသင်း(ရန်ကုန်)**

**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊(၂)ရပ်ကွက်၊ယုဇနလမ်း၊အမှတ် ၂၂၆ နေ (ဦးမောင်စိန်-ဒေါ်မြမယ်)တို့၏သမီး၊ (ဦးသူငယ်-ဒေါ်ခင်ကြည်)၊ (ဒေါ်မြကြည်)၊(ဒေါ်တင်ကြည်)၊ဒေါ်တရုတ်မတို့၏ညီမ၊ (ဦးရွှေလှ)၊ (ဒေါ်ထွေးကြည်)တို့၏အစ်မ၊ ဦးမြင့်ဆွေ(သစ်လုပ်ငန်း၊ ငြိမ်း၊ ကျောက်ပန်းတောင်းမြို့နယ်အသင်းရန်ကုန်၊ အတွင်းရေးမှူး)၏ဇနီး၊ ကိုမြင့်ဦး-မစန်းဝေ၊မယဉ်ယဉ်ဆွေတို့၏မိခင်၊ မနန္ဒာဆွေဦး၊ မချမ်းမြေ့ဝေဦး၊ မချစ်နှင်းဝေဦး၊ မချစ်ပြုံးဝေဦး၊ မသင်းသင်းဆွေတို့၏အဘွားသည် ၂၁-၉-၂၀၀၄ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** R. 488



တတိယအကြိမ် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့် ခေါင်းဆောင်သည့် ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ လှေလှော်နှင့်ဘောလုံးအားကစားများမှ အုပ်ချုပ်သူ နည်းပြများနှင့်အတူ အားကစားသမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

# မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ ပါဝင်ဆင်နွှဲရန် မြန်မာ့အားကစားအဖွဲ့များထွက်ခွာ

သတင်းမှတ်စုနှင့်ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၂

ထိုင်းနိုင်ငံတွင်ကျင်းပမည့် စက်တင်ဘာ ၂၃ရက်မှ ၂၅ရက်အထိ တတိယအကြိမ် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဦးကျော်စိုးမြင့်(ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန)ခေါင်းဆောင်သည့် ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ လှေလှော်နှင့် ဘောလုံးအားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာ သွားရာ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ *စာမျက်နှာ ၁၁ ကော်လံ ၄* ■

# နိုင်ငံတော်၏ကြီးမားသောမေတ္တာ သဒ္ဓါတရားထက်သန်သော ရေအလှူရှင်များ၏စေတနာ

သတင်းဆောင်းပါး
မောင်ဘဖေ(ဥဿာ)

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့ သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၃ ရက်ညနေက ကျင်းပခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ စာရေးသူ တက်ရောက်၍ အလှူငွေပေးအပ်ခဲ့သည်။ ကျယ်ပြန့်ခမ်းနားသော ခန်းမကြီး အတွင်းတွင် သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ လာရောက်လှူဒါန်းကြသည့် အလှူရှင်များ၏ ပြုံးရွှင်ကြည်နူးမှုအပြည့် ပီတိလွှမ်းနေသော မျက်နှာများကို မြင်တွေ့နေရသည်။

## ဒုတိယမြောက်အလှူ

ဤအလှူငွေပေးအပ်ပွဲ အခမ်းအနားသည် စာရေးသူအဖို့ ပထမဦးဆုံး တက်ရောက်ခဲ့ရသည့် အခမ်းအနားမဟုတ်ပါ။ လွန်ခဲ့သော ၂၅-၂-၂၀၀၃ ရက်က ကျင်းပခဲ့သည့် ပဥ္စမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲသို့လည်းတက်ရောက်ပြီး အလှူငွေကျပ်ငါးသိန်းလှူဒါန်းခဲ့ဖူးသည်ဖြစ်ရာ ယခုအကြိမ်သည် စာရေးသူအဖို့ ဒုတိယမြောက် ငွေအလှူပွဲပင် ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

# လမ်းပန်းဆက်သွယ်အထောက်အကူပြု ချင်းတွင်းမြစ်ကူး ချင်းတွင်းတံတား(မုံရွာ)

ချင်းတွင်းတံတား(မုံရွာ)

တိုင်းရင်းသားပြည်သူများ သွားလာမှုလွယ်ကူရေးအတွက် တည်ဆောက်ပေးထားသည့် ချင်းတွင်းတံတား(မုံရွာ)၏ လှပခံ့ညားမှုကို စက်တင်ဘာ ၁၇ ရက်က ရှုမငြီးဖွယ် ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)



သတင်းမှတ်စု–ထိန်လင်း

ရန်ကုန် စက်တင်ဘာ ၂၂

ချင်းတွင်းမြစ်ကူး ချင်းတွင်းတံတား(မုံရွာ)ကို စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ်နှင့်ယင်းမာပင်မြို့နယ်အကြားမုံရွာ–ယာကြီး–ကလေးဝ ကားလမ်းသစ်၌ ချင်းတွင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ခဲ့သည်။

ချင်းတွင်းတံတား(မုံရွာ)သည် မုံရွာမြို့နှင့် ဆက်စပ်နေသည့် ပတ်ဝန်းကျင်ဒေသများအတွက် များစွာ အထောက်အကူပြုပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန် ချောမွေ့သွားစေခဲ့သည်။

ချင်းတွင်းတံတား(မုံရွာ)၏ ပင်မတံတားအပေါ်ထည်မှာ သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ် တံတားအမျိုးအစား ဖြစ်သည်။ ချဉ်းကပ်တံတား အပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်တိုင် တံတားအမျိုးအစားဖြစ်သည်။

ပင်မတံတားမှာ ၂၇၄၅ဒသမ ၆ပေ၊ ချဉ်းကပ်တံတားနှစ်ဖက်မှာ ၁၉၈၄ ဒသမ ၆ပေရှိပြီး တံတား၏ စုစုပေါင်းအရှည်မှာ ၄၇၃၀ ဒသမ ၂ပေ ဖြစ်သည်။ တံတား၏ယာဉ်သွားလမ်းအကျယ်မှာ၂၈ ပေဖြစ်ပြီး တံတား၏ဘေးတစ်ဖက်စီတွင်ခြောက်ပေစီကျယ်သည့် လူသွားလမ်း ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ်မှာ ၃၀၅ ပေ၊ အမြင့်ပေ ၄၀ ရှိသည်။ တံတားပေါ်ဖြတ်သန်းရာတွင် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ ပင်မတံတားခန်းဖွင့်မှာ တစ်ခန်းလျင် ၃၄၃ ပေ ကျယ်သည်။

ချင်းတွင်းတံတား(မုံရွာ) တည်ဆောက်ရေးစီမံကိန်းကို ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ၂၈ရက်၌ လုပ်ငန်းများပြီးစီးခဲ့သည်။ တံတားဖွင့်ပွဲ အခမ်းအနားကို ၂၀၀၃ ခုနှစ် ဧပြီ ၇ ရက်က ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပေသည်။ ။ **(မြန်မာ့အလင်း)**

# စာပေဒါန

**ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်–**

**နေ့ရက် – ၂၄-၉-၂၀၀၄ (သောကြာနေ့)**
**အချိန် – ညနေ ၃ နာရီ မိနစ် ၃၀**
**နေရာ – ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ။**

**စာပေဒါနပြုလိုကြသော စေတနာရှင်၊ အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။**

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၇၁၃၃၉၊ ၂၇၉၇၆၉၊ ၂၇၉၇၇၁